


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# အားကိုးလွဲရင် ငိုပွဲချည်းပဲ

ဟောကြားသည့်နေ့ ၂၇-၂-၆၂

# ဘယ်အကျိုးငှာ ဘုရားပွင့်သတုံး

၁၇၄

ဟောကြားသည့်နေ့ ၁-၃-၆၂

ကျေးဇူးတော်                    ဟာပဏ္ဍိတ

မိုးဂု          ျ တော်ဘုရားကြီး

မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# (၁) အားကိုးလွဲရင်ငိုပွဲချည်းပဲ

# (၂) ဘယ်အကျိုးငှာဘုရားပွင့်သတုံး

ဟောကြားသည့်နေ့

(၂၇-၂-၁၉[illegible]) ([illegible]-၁၉၆၂)

LIBRARY
၁၉၇
Date ..........

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်
## အမှာစာ

ဤတရားတော်များသည် မန္တလေးမြို့၌ ကျောင်းဒကာ ကျောင်းအမများဖြစ်ကြသော ဦးချစ်ဆွေ၊ ဒေါ်မမတို့ နှစ်ဦးအား အမျှုးထား၍ နံနက်တိုင်း သီးခြားဆုံးမဟောကြား ခဲ့သော နာရီဝက် တရားတော်များဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော "အားကိုးလွဲရင်ငိုပွဲချည်းပဲ" တရားတော်ကို (၂၇-၂-၆၂)တွင် ဟောကြား၍ "ဘယ်အကျိုးငှာ ဘုရားပွင့်သတုံး" တရားတော်ကို (၁-၃-၆၂) နေ့တွင် ဟောကြားတော်မူပါသည်။

အမှုဆောင်အဖွဲ့

၄၊ ၄၊ ၂၀၀၂။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# အားကိုးလွဲရင် ငိုပွဲချည်းပဲ

ဟောကြားသည့်နေ့ (၂၇-၂-၆၂)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သတ္တဝါတွေ အားကိုးလွဲမှာစိုးရိမ်လာတယ်။ အားကိုးလွဲမှာ စိုးရိမ်သော ကြောင့် အားကိုးမှန်ကို ငါဟောမယ်ဟေ့လို့ ဘုရားက တရားချီ လိုက်တယ်နော် (မှန်ပါဘုရား)။

အားကိုးလွဲမှာစိုးလို့ အားကိုးမှန်ကို ငါဟောမယ်၊ ဩော် . . . တယ် မြင်တဲ့ကိုယ်တော်ကြီးပါလားလို့ ဒကာ ဒကာမတွေ က မှတ်ရမယ်။

## အားကိုးလွဲလို့ကိုယ်ကျိုးနည်းခဲ့ရတယ်

ဘာ့ကြောင့်လဲဆိုတော့ တစ်သံသရာလုံး အားကိုးလွဲလို့ ကိုယ်ကျိုးနည်းခဲ့ကြရတယ်၊ တစ်သံသရာလုံး အားကိုးလွဲလို့ ကိုယ်ကျိုးနည်းခဲ့ကြရတာကို၊ ခုထိတိုင်ပဲ အားကိုးကလွဲတုန်းဆိုရင်ဖြင့်၊ ကိုယ်ကျိုးနည်းတဲ့ဇာတ်ဟာ မသိမ်းပါဘူး သိမ်းပါ့မလား (မသိမ်းပါဘူးဘုရား)။

တစ်သံသရာလုံး အားကိုးမှားလို့လည်း ကိုယ်ကျိုးနည်းခဲ့ပြီးပြီ၊ ဒီဘဝအားကိုးလွဲလို့ရှိရင်လည်း ကိုယ်ကျိုးနည်းတဲ့ဇာတ်ပြန်ဖွင့်တာပဲ၊ ဒီဇာတ်ပဲ ပြန်ခင်းတာပဲ အစ်မ သဘောကျပလား (ကျပါပြီဘုရား)။

ဒီနေ့ သေသေချာချာ နားထောင်ပါ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်သူကမှ တောင်းပန်လို့ဟောတဲ့တရားမဟုတ်ဘူးဆိုသဖြင့်၊ ကိုယ်တိုင်ဉာဏ်ထုတ်ဟောတဲ့တရားဆိုတာ သေချာပြီ (တင်ပါဘုရား)။

## ကိုယ်တော်တိုင်က သနားလို့ဟောတာ

ဘယ်သူမှ တောင်းပန်လို့ ဟောတဲ့တရားမဟုတ်ဘူး၊ အတ္တဒီပသုတ်ဆိုတာ ကိုယ်ကိုယ်တိုင်က သနားကရုဏာရှေ့ထားပြီး သကာလ ဟောတဲ့သုတ်လို့ ဒကာ ဒကာမတွေက

မှတ်ရမယ်၊ ကဲဒါဖြင့် ပါဠိရွတ်လိုက်တယ်. . . "အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ" မိမိ အားကိုးကြကွ၊ မိမိအားကိုးကြကွ၊ မိမိဟာ မိမိအားကိုးကြကွ၊ ဒီလိုဆိုတော့ ကိုယ်တော်ကြီးက မရိပ်မိမှာစိုးလို့ "ဓမ္မဒီပါ ဓမ္မ သရဏာ အနညသရဏာ" ဓမ္မအားကိုးကြဟေ့ ဓမ္မအားကိုးကြ ဟေ့ . . .။

## ဓမ္မကိုသာအားကိုးပါ

ဓမ္မကို အားကိုးကြဟေ့ . . . ဓမ္မနောက်ပဲ အားကိုး လိုက်၊ ဓမ္မကိုပဲ အားကိုးလုပ်ကြမှ ဓမ္မကို အားမကိုးကြလို့ရှိရင် ဖြင့်၊ မင်းတို့ဘာဖြစ်မယ်ဆိုတာ ငါ သေသေချာချာ ပြောပြ မယ်။

ဓမ္မကို အားကိုးပါလို့ ပြောတဲ့ဥစ္စာမင်းတို့တွေးလုံးထုတ် ပါဦး၊ ဓမ္မအားကိုးပါလို့ပြောတဲ့ဥစ္စာကို တွေးလုံးထုတ်ကြပါဦး၊ ဩော် . . . ဘယ့်နှယ်ကြောင့် ကိုယ်တော်မြတ်ကြီးသည် ဓမ္မ ကို အားကိုးခိုင်းပါလိမ့်မတုံးဆိုတဲ့တွေးလုံးထုတ်ပါ။ တွေးလုံး ထုတ်ရင် ငါအစဖော်ပြမယ်။

ဓမ္မကို အားကိုးကြဟေ့၊ ဓမ္မမှတစ်ပါး ကျန်တာကို အားမကိုးကြနဲ့ဟေ့. . .။ ဒါကို သေသေချာချာ ဘုရားသခင်

ကိုယ်တော်မြတ်ကြီးပြောတာသည် ဓမ္မအားကိုးရင် ဘာဖြစ်မလဲ လို့ အစ်မတို့က မေးမေး မောင်ထွန်းရင်တို့က မေးမေး။

## အဆုံးကပြန်ပတ်တယ်

ဓမ္မအားမကိုးလို့ရှိရင်ကွာတဲ့ ပဋိစ္စသမုပ္ပါဒ် ပြန်လှည့် လိမ့်မယ် (တင်ပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ် အဆုံးက ပြန်ပတ် လိမ့်မယ်တဲ့။

ဓမ္မအားမကိုးရင် ဘာတဲ့တုံး (ပဋိစ္စသမုပ္ပါဒ်အဆုံးက ပြန်ပတ်မှာပါဘုရား) အမလေး ကြောက်စရာကြီးပါလား၊ ဆုံးတဲ့ဥစ္စာကို ဆုံးတာယူခဲ့လို့ ရပ်စဲမသွားဘဲနဲ့ ပြန်ပြီးသကာလ အစအဝိဇ္ဇာကပဲ ပြန်ပတ်ရတယ် . . . ။

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿကနေ အဝိဇ္ဇာ ပြန်ပတ်တယ်၊ အဲဒါ မင်းတို့ စဉ်းစားကြတဲ့၊ အားကိုးလွဲမှာ ငါ အင်မတန် စိုးရိမ်တယ်၊ အားကိုးလွဲပြီဆိုမှဖြင့် မင်းတို့ ပဋိစ္စ သမုပ္ပါဒ် အဆုံးကနေပြန်ပတ်မယ်။

အဆုံးကပြန်ပတ်တယ်ဆိုတော့ ဦးသံဒိုင်တို့က စဉ်းစား ဖို့ကောင်းပါတယ်၊ အဆုံးက ပြန်ပတ်လို့ရှိရင် အစပြန်ရောက် မှာပဲ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿကနေပြီး အဝိဇ္ဇာ ပြန်ရောက်မှာပဲ မရောက်ပေဘူးလား . . . (ရောက်ပါတယ် ဘုရား)။

## ဘာကြောင့်ပဋိသန္ဓေဝိညာဏ်ပြန်ပေါ်ပါလိမ့်

အဲဒီလိုရောက်တဲ့ ပုဂ္ဂိုလ်အပေါင်းကို အစ်မတို့က စဉ်းစားရမယ်၊ ဘယ့်နှယ်ကြောင့် ပြန်ပြန်ပြီး အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်ဆိုတဲ့ ပဋိသန္ဓေနာမ်ရုပ်တွေ ထပ်ထပ်ပြီး ပေါ်ပါလိမ့်မတုံးဆို၊ အို. . . ငါဘုရား မင်းတို့ကို သေသေ ချာချာဟောတယ်၊ အားကိုးလွဲတဲ့ပုဂ္ဂိုလ်ရတာကွ . . . (တင်ပါ ဘုရား)။

အားကိုးလွဲတဲ့ပုဂ္ဂိုလ်မှာရတာ . . . ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အဆုံးကနေ အစ ပြန် ပတ်ရတယ်၊ ပြန်ပတ်လို့ ပဋိသန္ဓေပေါ်လာတယ်၊ ဇာတိဒုက္ခ ပြန်ပေါ်လာတယ်၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေ ဝိညာဏ်ပြန်ပေါ်လာတယ်။

ဘယ့်နှယ်ကြောင့် အဆုံးကနေ အစပြန်ပတ်ပါလိမ့်မလဲ လို့ မင်းတို့စဉ်းစားကြည့်ပါ။ အဲဒါ အားကိုးလွဲတဲ့ ပုဂ္ဂိုလ် ဖြစ်ထွေ ပဲ၊ အတော်သဘောပါပြီလား . . . (ပါ-ပါပြီဘုရား)၊ မောင်ချစ်ဆွေ . . . ဘယ်သူ့ဖြစ်ထွေတဲ့တုံးကွ (အားကိုးလွဲတဲ့ သူ့ဖြစ်ထွေပါဘုရား)၊ အားကိုးလွဲတဲ့ပုဂ္ဂိုလ်၏ ဖြစ်ထွေပဲဆိုတာ သေသေချာချာမှတ်ပါ . . . ။

## အဆုံးကနေ အစပြန်ပတ်တယ်

ဟုတ်ပါတယ်ကွ၊ အားကိုးလွဲတဲ့ပုဂ္ဂိုလ်၏ ဖြစ်ထွေကို ငါ သေသေချာချာ အကျယ် ပြောပါဦးမယ်၊ မင်းတို့သည် တစ်သံသရာလုံး ပဋိစ္စသမုပ္ပါဒ်အဆုံးကနေ အစချည်း ပြန်ပြန်ပြီးသကာလ၊ လူတစ်ယောက်သေလိုက် အဆုံးကနေ အစပြန်ပတ်လိုက်၊ သူများသေလည်း အဆုံးကနေပြီး အစပြန်ပတ်တာ၊ သူများသေလည်း သောကပရိဒေဝဖြစ်တာပဲ . . .။

သောကပရိဒေဝက ဘာလို့ဖြစ်ပါသတုံးဆိုတော့အို. . မသိတဲ့ ပုဂ္ဂိုလ်မို့ ဖြစ်တာဆိုတော့ အဝိဇ္ဇာ ပြန်ရောက်တယ် (တင်ပါဘုရား)။

ကိုင်း-အဝိဇ္ဇာပြန်ရောက်တော့ အဝိဇ္ဇာပစ္စယာသင်္ခါရာ ဆိုတဲ့ ကာယကံ ဝစီကံတွေနဲ့၊ မျက်ရည်သုတ်လား . . အော်လားဆိုတဲ့ ဝစီကံတွေ လာတော့တာပဲ . . . (တင်ပါဘုရား)။ သင်္ခါရအလုပ်တွေ တစ်ခါတည်းပေါ်လာတယ် . . .။

သင်္ခါရပစ္စယာ စုတေမနေသေလွန်တော့ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေ ဝိညာဏ်ပေါ်လာတယ်. . .။ ဒါဘယ့်နှယ် ကြောင့် အဆုံးကနေ အစပြန်ပတ်တဲ့အဓိပ္ပါယ်ရောက်ရပါလိမ့် ဆိုတော့ အားကိုးလွဲလို့ဟေ့. . .။

ဒါကြောင့် ဓမ္မကို အားကိုးကွ၊ ဓမ္မကိုအားကိုး၊ ဓမ္မကို အားမကိုးလို့ရှိရင်၊ မင်းတို့သည် အဆုံးကနေ အစချည်း ပြန်ပတ်နေမယ်ဆိုလို့ရှိရင် ဘယ်မှာ နောက်တစ်ခါဆုံးပြန် အစပြန်ပတ်ပြန်ပြီ အစပြန်ရောက်ပြီ၊ ဒီလိုဆိုလို့ရှိရင်ဖြင့် မင်းတို့ အတွက်ဟာဖြင့် ဘေးကကြည့်လည်းမကောင်းဘူး၊ ကိုယ်ကိုယ် တိုင်ကတော့ အရှုံးအနှမ်းပြေးပြေးတာဟာဖြင့် မသိလို့ရှိပါစေ တော့၊ ဘေးကကြည့်လို့ကို မကောင်းဘူး၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးက သဗ္ဗညုတဉာဏ်နဲ့ကြည့်လိုက်တာ (တင်ပါဘုရား)။

## အားကိုးလွဲတဲ့ပုဂ္ဂိုလ်၊ အဆုံးကပြန်စတယ်

ဒါဖြင့် အားကိုးလွဲတဲ့ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ်ဘယ်ကနေ ဘယ်ဆက်ပါလိမ့်မတုံး (အဆုံးကနေ အစပြန်ဆက်ပါတယ် ဘုရား)၊ အဆုံးကနေပြီးတော့ အစပြန်ဆက်ပါတယ်။ သောက ပရိဒေဝ၊ ဖျတ်ဆို လူတစ်ယောက် ပျက်စီးသွားတယ်၊ အားကိုးတဲ့ပုဂ္ဂိုလ် သောကပရိဒေဝကလာလိုက်တယ် (တင်ပါ ဘုရား)။

သောကပရိဒေဝက လာလိုက်တဲ့အခါကျတော့၊ အားကိုးလွဲတဲ့သောကပရိဒေဝကလာပြီ၊ လာတဲ့အခါကျလို့ရှိ

ရင် သိသောပုဂ္ဂိုလ်လာတာလား မသိသောပုဂ္ဂိုလ် သောကပရိဒေဝဖြစ်တာလား (မသိသောပုဂ္ဂိုလ် သောကပရိဒေဝဖြစ်တာ ပါဘုရား)။

ဒါဖြင့် သောကပရိဒေဝ ရှေ့ကျတော့ နောက်မသိမှုဖြစ်ပြီးတော့နေတော့ အဝိဇ္ဇာဘက်ပြန်လှည့်တယ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာလှည့်တယ်၊ ကာယကံတွေနဲ့ရင်ထုံ၊ ဝစီကံတွေနဲ့ အော်လို့ဟစ်လို့ မလာဘူးလား (လာပါတယ်ဘုရား)။

အဲတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာပြန်လုပ်တော့၊ သင်္ခါရပစ္စယာ ဝိညာဏံပဲလာမယ် မလာပေဘူးလား (လာပါတယ်ဘုရား)၊ ဒါဘယ်သူတို့၏ ပစ္စည်းတုံး၊ ပဋိစ္စသမုပ္ပါဒ်ကြီးဆုံနေတဲ့ဥစ္စာကို ဆုံးတဲ့လက်စနဲ့ မဆက်ပါနဲ့လို့ မေးစမ်းပါတဲ့၊ မေးတဲ့အခါကျတော့ အားကိုးလွဲတဲ့ပုဂ္ဂိုလ်တို့၏ ဖြစ်ထွေကွရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်သူတို့၏ ဖြစ်ထွေလည်း (အားကိုးလွဲတဲ့ပုဂ္ဂိုလ်တို့၏ ဖြစ်ထွေပါဘုရား) အားကိုးလွဲတဲ့ ပုဂ္ဂိုလ်တို့၏ ဖြစ်ထွေဆိုပြီး အတ္တဒီပသုတ်မှာ၊ ဒါကြောင့် ကဲကွာတဲ့ ငါသေသေချာချာ ရုပ်နာမ်ထဲမှာပဲ မင်းတို့ကို ရှင်းပြပါ့မယ်တဲ့ဘုရားက။

ရုပ်နာမ်ထဲမှာ ရှင်းပြမယ်တဲ့၊ မင်းတို့အားကိုးလွဲတာ ဘယ်ထဲရှင်းပြမတုံး (ရုပ်နာမ်ထဲရှင်းပြပါ့မယ်ဘုရား) ရုပ်နာမ်ထဲမှာကို ငါအသေအချာ ရှင်းပြမယ်တဲ့ မင်းတို့အားကိုးလွဲတာ။

## ကိုယ့်ခန္ဓာငါးပါးကိုအားကိုးတယ်

မင်းတို့ဟာတဲ့ မင်းတို့ရူပက္ခန္ဓာကြီးကိုလည်း . . . "ငါ" ထင်တာပဲ. . .၊ မင်းတို့သည် စားလို့ကောင်း၊ သောက်လို့ကောင်းတာကိုလည်း ငါဟန်ကျပြီလို့ထင်တာပဲ. . .၊ ဝေဒနက္ခန္ဓာကိုလည်း ဒီစာပိုဒ်ကလေးထားခဲ့တာကို၊ ဒါလေးကျုပ်တို့ အားကိုးနေရတာဆိုပြီး သညာလေးအားကိုးတာပဲ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား) . . . သင်္ခါရအရေးဆိုတဲ့ စေတနာလေး၊ ဝီရိယလေးတို့၊ အင်း. . . အကြံကောင်း ဉာဏ်ကောင်းလေးတို့. . .၊ အပြောအဆို အလှည့်အပတ်ကလေးတို့၊ အင်း. . . ဒါတွေက သူသင်္ခါရအားကိုးနေတာ. . . လောကီဉာဏ်ကလေးပေါ့ . . . လောကီဉာဏ်က သင်္ခါရက္ခန္ဓာကို။

ကိုယ့်စိတ်ကိုယ်လည်း ကောင်းကောင်းထားတာပါပဲ၊ စိတ်ကောင်းတဲ့ တစ်နေ့ကျတော့ မင်းတို့ မငတ်နိုင်ပါဘူးဆိုပြီး၊ ကိုယ့်စိတ်ကလေးလည်း . . . ကိုယ်အားကိုးလိုက်တယ်. . . (တင်ပါဘုရား)။

အမယ် ဘယ်နှစ်ပါးအားကိုးလိုက်တာတုံး . . . (ငါးပါး ပါဘုရား)၊ ကိုယ့်ကိုယ်ကို အားကိုးတာ. . . ။

## အားကိုးအသစ်လည်းရှာတယ်

အင်း. . . ဒါက ကိုယ့်ခန္ဓာငါးပါးကို ကိုယ်အားကိုးတာဒို့တော့ ဒီအတိုင်းနေလို့ ဒီလိုနေလို့ မတော်သေးဘူးလေ၊ အားကိုးတစ်ယောက်တော့ ရှာဦးမှပဲဆိုပြီး ခင်ပွန်းတည်ထောင်လိုက်တယ်၊ တည်ထောင်လိုက်တယ်၊ အားကိုးတစ်ခု ကိုယ့်ကိုယ်လည်းကိုယ် အားကိုးတယ်၊ အသစ်လည်းရှာလိုက်သေးတယ် (တင်ပါဘုရား)။

အားကိုးတစ်ခုလည်းရှာလိုက်သေးတယ်၊ ယောက်ျားလည်းထို့အတူ၊ မိန်းမလည်း ထို့အတူပဲ၊ ဦးသံဒိုင် အားတော့ကိုးကုန်ကြပြီ၊ ဘာတုံးဆိုတော့ ဒီခန္ဓာငါးပါးပဲ လှည့်အားကိုးနေတာ၊ ကိုယ့်ခန္ဓာငါးပါးကို ကိုယ့်အားကိုးလိုက်၊ သူများ ခန္ဓာငါးပါးကို (အားကိုးလိုက်ပါတယ်ဘုရား)၊ ကိုယ့်ခန္ဓာငါးပါးအားကိုးလိုက်ဆိုတော့ ခန္ဓာငါးပါးက ပင်ကိုသဘောက . . . အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

## ခန္ဓာကလည်းသူ့သဘောသူပြောတယ်

ဆိုတော့ . . အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော . . . မင်းမပြောပါနဲ့ဆိုလို့ ဦးသံဒိုင်ရမှာလား. . . မရပါဘူး မရဘူး . . . ခန္ဓာငါးပါးက သူ့သဘောသူလုပ်မှာပဲ (တင်ပါဘုရား)။

သို့သော် ဒကာ ဒကာမတွေက အားကိုးထားတော့၊ သူ့သဘောလည်း ပြလိုက်ပါရော သောကပရိဒေဝလာတယ် သူ့သဘောပြလိုက်တော့ (သောက ပရိဒေဝလာပါတယ်ဘုရား) ဪ . . . မင်းတို့ခက်ပါဘိသနဲ့ . . . ။

ခန္ဓာက သူ့သဘောပြောလို့ရှိရင် မင်းတို့က ဟုတ်ပါ ပေ့လို့ဆိုပြီးသကာလ၊ ဪ . . . ခန္ဓာသဘောဟာဒီအတိုင်း ပါလားလို့ မသွားဘဲနဲ့၊ ဖြစ်မှုဖြစ်ရလေဆိုတဲ့ သောက၊ ပရိဒေဝ ကော မလာဘူးလား (လာပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ကြောင့်တုံးလို့ ဒီသောက ပရိဒေဝ လာရသတုံးလို့ သောကဆိုတာ စိုးရိမ်တာ၊ ပရိဒေဝဆိုတာ ငိုကြွေးတာ၊ ဒုက္ခ ဒေါမနဿ-ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်း၊ ဥပါယာသ - ပြင်းစွာပူပန်ခြင်း။

ဟဲ့ . . . ဘယ်ကလာတာတုံးဆိုတော့ အားကိုးလွဲက လာတာပေါ့ကွာ ရှင်းပလား (ရှင်းပါပြီဘုရား)၊ အားကိုးလွဲက လာတာ ဦးသံဒိုင်ရှင်းပလား . . . ဘယ်ကလာတာတုံး (အားကိုးလွဲကလာတာပါဘုရား)။

## အားကိုးလွဲကုန်ပြီ

ဒါဖြင့် ကိုယ့်ဟာကိုယ်ခေါ်လာတာ အားကိုးလွဲကုန်ပြီ ကော၊ ဝေဒနာကို ငါထင်၊ သညာငါထင်၊ သင်္ခါရငါထင်၊ ဝိညာဏ်ငါထင်၊ အဲဒါတွေ ရုပ်ကလည်းပျက်လိုက်၊ ဝေဒနာက္ခန္ဓာကလည်း သူ့အနိစ္စသဘောနဲ့ ပြောလိုက်တယ်။

ခန္ဓာကြီးက၊ သညာက္ခန္ဓာကလည်းပြောလိုက်၊ သင်္ခါရက္ခန္ဓာကလည်းပြောလိုက်၊ ဝိညာဏက္ခန္ဓကလည်း သူ့သဘောသူပြောလိုက်တဲ့အခါ ဖောက်ပြန်ပျက်စီးတဲ့အခါကျ တော့၊ နဂိုကလွဲထားတာ ဒီလိုဖြစ်လိမ့်မယ်မထင်ဘူးဗျ၊ ဘယ့်နှယ်ဖြစ်နေတုံး (နဂိုက လွဲထားတော့ ဒီလိုဖြစ်မယ်မထင် လို့ပါဘုရား)။

နဂိုက လွဲထားတော့ ဒီလိုဖြစ်တတ်တဲ့ဥစ္စာကို ဘုရားက မင်းတို့အားကိုးရမှာက ဒီဟာအားမကိုးရဘူး၊ အားကိုးလွဲလို့ရှိ ရင် မျက်ရည်ရမယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အားကိုးလွဲရင် (မျက်ရည်ကျမှာပါဘုရား)၊ မျက်ရည် ရမယ်ဆိုလိုက်ပါတော့ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဩော်. . . ကျုပ်တို့မှာဖြင့် ခိုကိုးရာမဲ့ **အားကိုးရာမဲ့ဖြစ်** နေတယ်လို့၊ တချို့ ဒကာ ဒကာမက **ညည်းလုံးများ ထုတ်သေး**

တယ်၊ ငိုစရာမရှိလို့ဖြစ်မယ် . . . ဘယ့်နှယ်ကြောင့်တုံး၊ (ငိုစရာမရှိလို့ရှာနေတာပါဘုရား) ငိုစရာမရှိလို့ ညည်းလုံးထုတ်တာ (တင်ပါဘုရား)။

## မျက်ရည်ရလေသမျှ ဒိဋ္ဌိက

နောက်ကျတော့ဖြင့် လိမ်လိမ်မာမာ အေးအေးချမ်းချမ်းနဲ့ ခြယ်ခြယ်လှယ်လှယ်နဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နဲ့ ရပြီဆိုမှဖြင့် ခန္ဓာငါးပါးသွားအားကိုးလိုက်ပြန်ပြီ၊ အားကိုးတဲ့ခန္ဓာငါးပါးက ခန္ဓာသဘောပြောလိုက်တာပဲ. . .၊ ပြောလို့ရှိရင် မျက်ရည်ရကြမှာပဲ . . . ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် . . . မျက်ရည်ရတာ မျက်ရည်ပေးလေသမျှ အားမကိုးကောင်းတာ အားကိုးကြတဲ့ ဒိဋ္ဌိကလို့မှတ်ပါ၊ မျက်ရည်ရလေသမျှ ဒိဋ္ဌိကပဲ ရှင်းပလား၊ မျက်ရည်ရလေသမျှ . . . (ဒိဋ္ဌိကပါဘုရား) . . . စိုးရိမ်မှုရလေသမျှ . . . (ဒိဋ္ဌိကပါဘုရား)။

ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း ရလေသမျှ. . (ဒိဋ္ဌိကပါဘုရား) ပြင်းစွာသော မှားခြင်းရလေသမျှ (ဒိဋ္ဌိကပါဘုရား) နောက် အဝိဇ္ဇာ ပြန်လှည့်တာပဲ . . . (တင်ပါဘုရား)

ဒိဋ္ဌိကကြောင့် အဝိဇ္ဇာပြန်ပတ်သွားပြန်ပြီ . . . သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ပြီးတော့ အဝိဇ္ဇာပြန်လှည့်ပြန်တယ်၊ အဲဒါလည်း ဘယ်သူ့ကြောင့်တုံး (ဒိဋ္ဌိကြောင့်ပါဘုရား)။

အဝိဇ္ဇာပစ္စယာသင်္ခါရာ ပြန်ဖြစ်ပြန်တာကော . . . (ဒိဋ္ဌိကြောင့်ပါဘုရား)၊ ဒိဋ္ဌိကြောင့်ပဲ . . . (တင်ပါဘုရား)၊ အားကိုးမှားခဲ့ပြီကို (တင်ပါဘုရား) . . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အင်း . . . ဒါဖြင့် . . . ဒကာ ဒကာမတွေ တောင်သွား၊ မြောက်သွား သွားကြတယ် . . .၊ ဘယ့်နှယ်ကြောင့် သွားကြလာကြပါလိမ့်မတုံး . . . ကိုမပြောပါနဲ့၊ အားကိုးရှာကြလို့ . . . (တင်ပါဘုရား)၊ အားကိုးရှာကြတာ ဘာဖြစ်လို့တုံး ငိုချင်လို့ ရိပ်မိပလား . . .၊ ဘာဖြစ်လို့ အားကိုးရှာကြတာတုံး (ငိုချင်လို့ အားကိုးရှာကြတာပါဘုရား). . .။

တောင်သွား မြောက်သွား၊ တောင်ကနေမြောက်သွားပြီး ပစ္စည်းရှာပြန်ရင်လည်း၊ ပစ္စည်းကရူပက္ခန္ဓာကိုကွ ဒါလည်း ငိုချင်လို့၊ ဝေဒနက္ခန္ဓာရှာရင်ကော (ငိုချင်လို့ပါဘုရား)၊ ငိုချင်လို့ ချည်းပဲတဲ့ . . .။

## အားကိုးမှန်နဲ့အားကိုးလွဲကို စဉ်းစားဖို့အချိန်

အဲတော့ မင်းတို့ဟာကွာတဲ့၊ စဉ်းစားဖို့ကောင်းပါတယ်တဲ့. . .၊ အားကိုးလွဲ အားကိုးမှန်လို့ နှစ်မျိုးရှိတယ်ဆိုတာ မင်းတို့ စဉ်းစားဖို့အချိန်ရောက်ပြီတဲ့ . . . ရှင်းပလား၊ အားကိုးမှန် အားကိုးလွဲကို စဉ်းစားဖို့အချိန်ရောက်ပြီတဲ့။

မင်းတို့ဟာ အားကိုးမှားနဲ့ချည်း၊ ပဋိစ္စသမုပ္ပါဒ် အဆုံးကနေအစ ပြန်ပတ်နေတဲ့ဥစ္စာ. . .၊ ခုထက်ထိလည်း မင်းတို့ မရိပ်မိသေးဘူး၊ အားကိုးရှာတုန်းပဲ . . . အားကိုးမှား ရှာတုန်းပဲ သဘောကျပလား . . . (ကျပါပြီဘုရား)။

အိုတော့ ဆေးပေး မီးယူလိုလာသလိုလို၊ ကိုယ့်အိမ်ကိုယ့်ရွာမှမဲ ဟန်ကျသလိုလို၊ ကိုယ့်အိမ်ကိုယ့်ရွာဆိုတာ ရူပက္ခန္ဓာဆိုတာပဲ . . . (တင်ပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ . . . သူများအိမ်ပျက်တော့ မျက်ရည်မကျဘူးကွ . . . (တင်ပါဘုရား)၊ ကိုယ့်အိမ်ပျက်တော့ (မျက်ရည်ကျပါတယ်ဘုရား)။

## မျက်ရည်ဆုတောင်းတုန်းရှိသေးတယ်

ဩော် . . . ခက်လိုက်တဲ့ဖြစ်ခြင်း၊ မျက်ရည်ဆုတောင်းတုန်းရှိသေးတယ် . . . ရိပ်မိရဲ့လား . . .

မောင်ထွန်းရင်၊ သညာလေးကော အမှတ်သညာလေး သူအားကိုးနေတယ် . . . (အားကိုးပါတယ်ဘုရား) ဘာဖြစ် လို့တုံး . . . မျက်ရည်ရအောင်လို့။

အမလေး ကြောက်စရာကြီးပါလား. . .၊ ဒါဖြင့်ဘုရား သခင်ကိုယ်တော်မြတ်ကြီးက . . . မင်းတို့မျက်ရည်ရတာ အားကိုးမှား ဒိဋ္ဌိကရတာ .. ပေါ်လာပြီ (တင်ပါဘုရား)၊ မျက်ရည်ရတာ ဘယ်ကပါလိမ့် . . . (အားကိုးမှားဒိဋ္ဌိကပါ ဘုရား) အားကိုးမှားဒိဋ္ဌိက။

နောင်တစ်ဖန် ပဋိသန္ဓေရတာ လှည့်လိုက်ဦး၊ ဘယ်သူ့ ကြောင့်တုံး (အားကိုးမှားဒိဋ္ဌိကပါဘုရား)၊ သြော် ဒါဖြင့် . . . ဒို့မျက်ရည်ရတဲ့ ဘဝပေါင်းဘယ်လောက်ရှိပြီတုံးဆိုတော့၊ မရေ တွက်နိုင်ဘူးတဲ့ . . .၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ် အဆုံးက အစပြန် ပတ်တာကော ဘယ်လောက်များခဲ့ပြီတုံး မေးလို့ရှိရင် ဘယ့်နှယ် ဖြေကြမတုံး . . . (မရေတွက်နိုင်ပါဘူးဘုရား) ဒါလည်း ရိုးပ်မိဘူး။

## ထိပ်ချလို့ဓားပြမှန်းမသိသေးဘူး

"ထိပ်ချလို့ ဓားပြမှန်းမသိသေးဘူး" (တင်ပါဘုရား) အ- လိုက်တာ၊ ထူလိုက်တာက၊ လွန်နေတယ် . . . ဒါဆရာသမား

က မြည်တာထက်ကို ထူတာက ပိုနေသေးသလားဆိုတာလည်း အကဲခတ်ပါဦးကွ (ထူတာကပိုပါတယ်ဘုရား)။

ဒါ ဂုဏ်ယူစရာလားကွ မင်းတို့၊ မဟုတ်ဘူး . . . ဂုဏ်ယူစရာမဟုတ်တာကိုတဲ့ ဒကာ ဒကာမတွေကလည်း တပည့်တော်တို့က လိုတာပေါ့ ဂုဏ်ယူတော့မလို့ . . . ။

မကောင်းတဲ့ရားလေး မကောင်းတရားလေး၊ အမလေး မကောင်းတရားလေးဆိုတာက မပေါ့သွားဘူးလား၊ မကောင်း တရားလေးဆိုတာကော . . . (ပေါ့သွားပါတယ်ဘုရား) ကိုယ့်အကြောင်းရှိတော့ ဘယ့်နှယ်လုပ်မတုံးဘုရား့၊ ကိုယ်ကသွား မထားလို့ရှိရင် အားကိုးလုံးလေးတွေ . . . ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် တပည့်တော်က တစ်ချက်ခုတ်သုံးချက်ပြတ် လုပ်ခဲ့ရတာ. . . ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) ပြီးတော့မှ အားကိုးတဲ့အမှားဆိုတာ သူသိပြီကိုကွ မင်းအလွဲလိုက်လုပ်နေတာ ဦးသံဒိုင်ဘယ့်နဲ့တုံး အလွဲချည်းလုပ်နေတာဗျ. . . မောင်ထွန်းရင် ရိပ်မိပလား. . . ။

အားကိုးမှန်လား အားကိုးမှားလား အကဲခတ်ပါ. . . (အားကိုးမှားပါဘုရား) . . . အားကိုးမှားတဲ့. . . ဟိုတုန်းက အားကိုးမထားတဲ့ ပုဂ္ဂိုလ်၊ သူ့ဟာသူ အင်္ဂလန်မှာ ဆင်းရဲသား

တစ်ယောက်သေသတဲ့ဆိုရင်၊ သူ့ပေါ်မှာအားမကိုးတော့ ကျွတ်ထိုးတဲ့အသံလည်း မလာဘူး၊ ဝမ်းနည်းတဲ့အသံလည်း မလာဘူး(တင်ပါဘုရား) အားမှ မကိုးတာဗျ. . . ဟုတ်ဘူးလား . . . (တင်ပါဘုရား)။

အဲတော့. . . ကျွတ်ထိုးတယ်၊ ဖြစ်မှဖြစ်ရလေ. . . ဆိုတဲ့ဥစ္စာ. . . ခင်ဗျာတို့. . . အားကိုးမှားကစပြီး. . . ဒါငိုတော့ မလိုသာမှတ်ပေတော့. . . ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် . . . သမုဒ္ဒရာလေးစင်းရေထက် မျက်ရည်များ သေးတယ်ဆိုတာ ကောင်းကောင်းသဘောကျပလား (သဘော ကျပါပြီဘုရား)။

အဆုံးကနေအစချည်း ပြန်ပတ်တာ. . . အဆုံးကငိုပွဲ ဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား). . . အဆုံးကငိုပွဲတဲ့ အစ ကငိုစရာရှာပွဲ၊ အစကငိုစရာ ရှာပွဲ (တင်ပါဘုရား)။

အဆုံးက (ငိုပွဲပါဘုရား) အစကျတော့ (ငိုစရာရှာတာ ပါဘုရား) မင်းတို့က ငိုစရာရှာပွဲ. . . နောက်ငိုစရာရှာပွဲပြတ် သွားတော့ ငိုပွဲ. . . ငိုပွဲကနေပြီးသကာလ ငိုစရာရှာပွဲလုပ်ပြန် တာပဲ. . . ဒီလိုဆက်နေတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒီနေ့ တရားသေသေချာချာနားထောင်ပါ. . . (တင်ပါ ဘုရား) သေသေချာချာနားထောင်ပါ. . . အားကိုးလွဲတာက

သတ္တုချလိုက်တော့. . . ဘယ့်နဲ့ဆိုကြမတုံး. . . (အားကိုးလွဲတာပါဘုရား) အားကိုးလွဲကလာတယ်နော် (တင်ပါဘုရား). . . အစ်မရိပ်မိပလား . . . (ရိပ်မိပါပြီးဘုရား)။

## ဝိပဿနာဓမ္မ မဂ်ဓမ္မကိုအားကိုးပါ

အေးဒါကြောင့် ဘုရားက အတ္တဒီပါဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ တစ်ပါးကိုတော့ မကိုးကြ ပါနဲ့ကွ ဓမ္မသရဏာ လုပ်ပါ. . . (တင်ပါဘုရား)။

ဓမ္မကိုပဲ ငါရှင်းရှင်းပြောပါ့မယ်. . . တဲ့ ဝိပဿနာဓမ္မ မဂ်ဓမ္မယူပါကွ. . . ဒါမှ ငိုဇာတ်သိမ်းမယ်. . . ဒါကြောင့် သတိပဋ္ဌာန်းပါဠိတော်က သောကပရိဒေဝါနံ သမာတိက္ကမာယ. . . သောကပရိဒေဝလွန်အောင် ငါလုပ်နိုင်တယ်ကွ. . . သတိပဋ္ဌာန်ဘက်က "ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ" ဒုက္ခ ဒေါမနဿလည်း ချုပ်စေနိုင်တယ်ကွ. . . ကိုယ်တော်ကြီးဖြင့် အာပေါက်အောင်ဟောတာ. . . (မှန်ပါဘုရား)။

မပတ်စေနဲ့နော်. . . အဆုံးက အစကို. . . မပြောဘူးလား (ပြောပါတယ်ဘုရား) သောကပရိဒေဝါနံ သမတိက္ကမာယ သူ့လွန်မြောက်အောင်နော် (တင်ပါဘုရား) မမှာဘူးလား. . . (မှာပါတယ်ဘုရား)။

ဒုက္ခဒေါမနဿာနဲ့ အတ္တဂ်မာယ သူတို့ကို ချုပ်အောင် လုပ်နော်၊ မလာဘူးလား (လာပါတယ်ဘုရား)၊ ဉာယဿ အဓိ ဂမာယ၊ ဉာယဿ - မဂ်ကို အဓိဂမာယ - ရအောင်လုပ်လိုက် ကွ မဂ်ရအောင်လုပ်လိုက်၊ မဂ်ရအောင်လုပ်လိုက်ဆိုတော့ ဒီထက် တော့ မပြောနိုင်တော့ဘူး၊ မောင်ချစ်ဆွေ ဒီထက်တော့ (မပြောနိုင်တော့ပါဘုရား)။

ဒါဖြင့် ကိုယ်တော်ကြီးမှာ အာပေါက်နေပြီဆိုလို့ရှိရင် လွဲပါ့မလား (မလွဲပါဘူးဘုရား) ကိုယ်တော်ကြီးတော့ အာပေါက် ပြီကွ၊ မင်းတို့က တော်တော်ပေပြီး တော်တော်ကို တေတဲ့လူ တွေမို့ နားကိုမထောင်ဘူး၊ (တင်ပါဘုရား)။

ကဲမင်းတို့ စိတ်ထဲက ဒီတက်မကောင်း ဟိုတက်ပြောင်း မှာပေါ့ လျှော့လျှော့သလို (တင်ပါဘုရား)၊ ဒီတက်မကောင်း တော့ ဆိုလည်းဒုက္ခရောက်တာပဲ၊ ဟိုတက်ပြောင်းပြန်တော့ ရောက်တဲ့အခြားမဲ့ဒုက္ခ (ဒုက္ခရောက်ပါတယ်ဘုရား)၊ ဒီလိုပဲ မနေ ဘူးလား (နေပါတယ်ဘုရား)၊ သဘောပါကြပလား (ပါပါပြီ ဘုရား)။

## လောကုတ္တရာမဂ်ကိုသာအားကိုးပါ

ဒါကို ဘယ့်နှယ်လုပ်ကြမတုံးကွ၊ "ဓမ္မဒီပါ ဓမ္မ သရဏာ" ဓမ္မကိုသာ ကျွန်းကြီးသဖွယ် အားကိုးလိုက်စမ်းပါ၊ အနုညသရဏာ သူမှတစ်ပါး ဒိပြင်သွားအားမကိုးလေနဲ့၊ ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ်မှတစ်ပါး ကျန်တာ အားမကိုးနဲ့၊ ငါသေသေချာချာမှာတယ်ဆိုတော့ တန်းမကုန် သေးဘူးလား (တန်းကကုန်ပါပြီဘုရား)။

မင်းတို့က ဒီလမ်းမလိုက်လို့ရှိရင် ဘာဖြစ်လိမ့်မတုံး၊ ငိုချင်လို့ဗျ (မှန်ပါ့ဘုရား)၊ ဒီလမ်းမလိုက်တော့ ဘယ့်နှယ်ဆို ကြမတုံး (ငိုချင်လို့ပါဘုရား) ငိုချင်ရုံတင်ပဲလား၊ နောက်တစ်ခါ ငိုစရာအထည်လိုချင်လို့ဆိုရင်ကော၊ ပြီးတော့ ဘာဖြစ်ဦးမတုံး မေးတော့ ငိုပွဲဆင်ရဦးမှာပဲ၊ ငိုပွဲဆင်းရဦးမှာပဲဆိုရင်ကော လွဲ သလား (မလွဲပါဘူးဘုရား)။

## ညှိလိုက်တဲ့ဖြစ်ခြင်း

ဩော် . . . ဦးသံဒိုင်ကြီးတို့ ညှိလိုက်တဲ့ဖြစ်ခြင်း၊ မောင်ထွန်းရင်တို့အဖြစ်တွေက သိပ်ညှိလွန်းအားကြီးတယ်၊ မင်းတို့စကားသာပြောနေတာပဲ မင်းတို့ ဒီဟာအရေးကြီးတယ် လို့ လာကိုမလာဘူး၊ ရိပ်မိပလား။

ကဲ အင်မတန်ဆိုးဝါးနေပြီကွ၊ ခုတော့ ဆိုးဝါးနေတယ်ဆိုတာ ပေါ်ပလား (ပေါ်နေပါပြီဘုရား)၊ အဲဒါဖြင့် အားကိုးလွဲတာ အားကိုးလွဲတာသည်ကားဆိုလို့ရှိရင်ဖြင့်တဲ့ ခုနက ခန္ဓာငါးပါးကို ခန္ဓာငါးပါးကြောင့် ငိုရတာကို၊ ခန္ဓာငါးပါးအသစ်ရှာရင် ဒါအားကိုးလွဲတာပဲ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးကြောင့် ငိုရတာကို နောက်ခန္ဓာငါးပါးအသစ်ရှာရင် (ငိုရမှာပါဘုရား)၊ ဒါဖြင့် အရင်ခန္ဓာငိုပွဲဆင်ခဲ့ရတယ်၊ နောက်ခန္ဓာ မရှာလို့ရှိရင် အငိုဇာတ်သိမ်းမှာပေါ့ (တင်ပါဘုရား) ဟုတ်ဘူးလား။

## နောက်ခန္ဓာမရှာရင် အငိုဇာတ်သိမ်းမယ်

အရင်ခန္ဓာငိုပွဲဆင်ခဲ့ရတာ သေချာပြီမဟုတ်လား၊ နောက်ခန္ဓာမရှာရင် အငိုဇာတ်သိမ်းမှာ၊ ငိုပွဲမသိမ်းဘူးလား (သိမ်းပါတယ်ဘုရား)။

ကျုပ်ဖြင့် မျက်ရည်နဲ့မျက်ခွက်ဖြစ်ရမှာ ဘယ်တော့မှ မကြိုက်ဘူး၊ ငွေမရှိတာ ကျုပ်အရေးမကြီးဘူး၊ ဒီစိတ်တော့ ထိခိုက်တာ ကျုပ်မကြိုက်ဘူး၊ ဒါ အပိုပြောနေတာ အပိုပြောနေတာ မောင်ထွန်းရင်၊ အားကိုးမှားကြီးရထားလို့ရှိရင် ဒါ အလကားပြောတာ၊ သူငိုဖို့စီစဉ်ထားပြီးသား ဘယ့်နှယ်ဆိုကြမတုံး (ငိုဖို့စီစဉ်ထားပြီးသားပါ)။

အဲဒါမျက်ရည်နဲ့ မျက်ခွက်ဖြစ်ရမှာတော့ ကျုပ်တော့ ဖြင့် အကြောက်ဆုံးပဲ၊ ကြောက်လည်းကြောက် စိစဉ်ပြီးသား လည်းဖြစ်နေတယ်၊ ဘယ့်နှယ်ဆိုကြမတုံးကွ . . . (အရှုံးပါ ဘုရား)။

ဒိပြင်ဟာဆိုစရာမရှိဘူး၊ ကြောက်လည်းကြောက်သတဲ့ ကွ မျက်ရည်ကြီးငယ်ကျရမှာကို၊ ကျစရာက လုပ်ပြီးပလားမေး တော့ (လုပ်ပြီးပါပြီဘုရား)၊ မကြောက်နဲ့တော့ ဒါဖြင့် ကျရ တော့မှာပဲ၊ ရိပ်မိပလားကွ . . . (ရိပ်မိပါပြီဘုရား)၊ သေချာပြီ မောင်ချစ်ဆွေပေါ်ပလား (ပေါ်ပါပြီဘုရား)။

## မင်းမျက်ရည်ကျစရာဘယ်လောက်ရှိသတုံး

မင်းခင်တဲ့သူ ဘယ်လောက်ရှိတုံး ငါမမေးချင်ပါဘူး ကွာ၊ မျက်ရည်ကျစရာ ဘယ်လောက်ရှိတုံးသာမေးကြ၊ မမေး သင့်ဘူးလား . . . (မေးသင့်ပါတယ်ဘုရား)၊ ဒါပဲ အစ်မပြောရ မယ်၊ သဘောပါပလား . . . (သဘောပါပါပြီဘုရား)။

တပည့်တော်က လူခင်လူချစ်များတယ်ဘုရားဆိုလို့ရှိရင် သွားပြီ၊ ဒီလူ မျက်ရည်ပွဲထဲသွားပြီ၊ ရိပ်မိပလားကွ၊ မင်းစောင်း ဖြောနေတယ်လို့ အောက်မေ့မနေနဲ့ဦး။

တပည့်တော်က လူခင်လူချစ်များတယ်၊ သူကလည်း ခင်တဲ့လူပဲ၊ ကိုယ်ကလည်းခင်အောင် လုပ်တတ်တယ်ဘုရား ဆိုလို့ရှိရင် မျက်ရည်အပေါဆုံးလူက သူပဲ၊ ဘာမှ သံသယမရှိနဲ့ (တင်ပါဘုရား)။

ဘယ်သူဖြစ်ဖြစ် ဘယ်သူဘာဖြစ်တယ်ဆိုရင် ဒီထဲက လား အမလေး ကျုပ်စားအိမ်၊ သောက်အိမ်ဗျ . . . သွားပေါ့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ငိုပွဲချည်း ပြောတာပဲ

မင်းတို့အကြိုက်ကလည်း ဘယ်လိုဖြစ်နေတုံးလို့ မေးတဲ့ အခါကျတော့ ချွေမှုရတယ်၊ လာမပေ့ နှုတ်ချိုမှုပြည်စုံးသကွ၊ အမလေး လာလိုက်တာ ငိုပွဲချည်းပြောတာပဲ၊ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။ ဘာတွေပြောနေတုံး (ငိုပွဲချည်းပြောပါတယ် ဘုရား)။ ငိုပွဲကို ပြေးတာကို အပြေးကောင်းထင်နေတာ . . . ရှင်းပလား ဦးသံဒိုင်တို့ ရိပ်မိပလား။

ဩော် ဒီလို တရားစစ်တရားမှန်ကို တကယ်ပြောရ တော့မယ်ဆိုတော့၊ သူ့အကွက်နဲ့သူ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ် လက်ကိုင်ထားပြီးတော့ အမှန်ကို ပြောတော့မှ ဩော် ဒို့သည် **သောကပရိဒေဝါနံ သမတိက္ကမာယ** = သောကပရိဒေဝမှ လွန်

မြောက်အောင် ဘုရားကလည်း ဟောထားတယ်၊ **ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ** = ဒုက္ခဒေါမနဿမှုလည်း ချုပ်အောင်၊ **ဉာယဿ အဓိဂမာယ** = မဂ်ဉာဏ်ရအောင်လို့ သတိပဋ္ဌာန်လုပ်လို့ဆိုတဲ့ဥစ္စာ၊ သူမလုပ်သရွေ့တော့ ငိုပွဲချည်းရမယ်၊ သူ့ပါဠိတော်ငှလေ ဒီဥစ္စာ ဘုရားကဟောတာ (တင်ပါဘုရား)။

## တစ်ပင်လဲရင်တစ်ပင်ထူထဲကလား

ဘုန်းကြီးက ခဲ့ပြောနေတာမဟုတ်ပါဘူး . . .၊ သံယုတ်မှုတည်ပြီး သတိပဋ္ဌာန်ထည့်လိုက်တာပါပဲ၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား) ခင်ဗျားတို့ ဘယ်လိုများ ရှေ့စခန်းသွားကြမယ် စိတ်ကူးတုံးကွ၊ တစ်ပင်လဲမှု တစ်ပင်ထူထဲကပဲလား (မဟုတ်ပါဘူးဘုရား)။

ဘာ မဟုတ်တာတုံးကွ မင်းတို့ ဒီအိမ်မှာ ခိုင်းစရာလူတစ်ယောက်မရှိလို့ ဟိုလူတစ်ယောက်ခေါ်လို့ရှိရင်ဖြင့် ဟိုလူ့အတွက် ငိုရဦးမှာပဲ၊ အိမ်ခံတင် မဟုတ်ဘူးအစ်မ အိမ်ခံတင် မဟုတ်ဘူး။

## အားကိုးလွဲရင်ငိုပွဲချည်းပဲ

အဲဒီတော့ မင်းတို့ကွာ ဖြစ်လိုက်ပျက်လိုက်ပဲရှိတော့ ဒါ ခင်ပွန်းတင်ဆိုတာ မဟုတ်ဘူးကွ၊ အလုံးစုံ အကုန်အားကိုးလွဲလို့ရှိရင် ငိုပွဲချည်းရမယ်။

ဒါဖြင့် ဓမ္မဒီပါ ဓမ္မသရဏာ လုပ်လိုက်ရုံပဲ၊ ဓမ္မကို ကျွန်းကြီးသဖွယ် ဓမ္မသရဏာဓမ္မသာလျှင် ခိုအောင်းရာရှိတယ်လို့ ဦးသံဒိုင်တို့လုပ်ရမယ်၊ မလုပ်သရွေ့ကာလပတ်လုံးဖြင့် ငိုပွဲနဲ့ ဟုတ်လား၊ နောက်ငိုပွဲဖြစ်မှုနဲ့ ဒါတွေဆက်နေတာ ဒီပြင် ဘာရှိသေးတုံး . . . (ဘာမှမရှိပါဘူး)၊ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ထားမှ ဒါကလည်း ရှင်းတာကိုကွ . . . (တင်ပါဘုရား)။

## ငိုပွဲဘယ်ကလာသတုံး

ဒါဖြင့် ငိုပွဲဘယ်က လာသတုံးလို့မေးတဲ့အခါ အားကိုးလွဲကလာတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ငိုပွဲဘယ်ကလာသတုံး . . . (အားကိုးလွဲက လာပါတယ်ဘုရား)၊ အားကိုးလွဲကလာတယ် ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

အခုတော့ အသုဘအိမ်ဆိုလို့ရှိရင်ဖြင့် ဘာများဖြစ်နေလိမ့်မလဲလို့ ဒို့မတွေးပါဘူး၊ ငိုပွဲပဲရှိတယ် ဟုတ်ပြီလား၊ ဘာဖြစ်လို့တုံးဆိုရင်ဖြင့် အဖေတစ်ယောက် သမီးတစ်ယောက် ဒီလိုလာဦးမှာကို . . . မလာပေဘူးလား (လာပါတယ်ဘုရား)။

ဒီလူဘာမှ လုပ်မကျွေးချင်ရင် အသာထားပါ၊ အိမ်ဦး ခန်းမှာ ထိုင်ဖော်ရလို့ အဖေရှိသေးတယ်ပြောရရင် တော်ပါပြီ၊ အားကိုးပုံပြောတာကွ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒီဟာလေး ဒီအားကိုးလေး ဒီအားကိုးလေးကို အခု ပြတ်သွားတဲ့အတွက်၊ နဂိုက အားကိုးထားတာ ပျက်သွားတဲ့ အတွက် ငိုပွဲဆင်နေတာ၊ ဒါဖြင့် ငိုပွဲဟူသ၍ မောင်ထွန်းရင်မှတ် အားကိုးလွဲက လာတာချည်းပဲ အားကိုးမှား၊ အားကိုးလွဲ၊ အဲတော့ ဒါကမြန်မာလိုပြောနေတာ စာလိုပြောတော့ ဒိဋ္ဌိက လာတာချည်းမှတ်လိုက် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဒိဋ္ဌိမပြုတ်၍ ငိုပွဲဇာတ်မသိမ်းပါ

ဒါဖြင့် ဒိဋ္ဌိမပြုတ်သ၍ ငိုပွဲဇာတ်မသိမ်းပါဘူး. . . (တင်ပါဘုရား) ရှင်းကြပလား . . . ဒိဋ္ဌိမပြုတ်သ၍ (ငိုပွဲဇာတ် မသိမ်းပါဘူးဘုရား) ငိုပွဲဇာတ်မသိမ်းပါဘူးဆိုတာ သေချာ ပလား. . . ။

ခင်ဗျားတို့ အသုဘ သွားတဲ့အခါကျတော့ ပျော်ပျော် ရွှင်ရွှင်သွားနေကြသလား၊ မျက်နှာ ညှိုးညှိုးငယ်ငယ်နဲ့ သွားနေ ကြသလားလို့ မေးရုံနဲ့ မင်းတို့ တစ်ပြိုင်နက် အဖြေတူထွက်မှာ (တင်ပါဘုရား)၊ မထွက်ပေဘူးလား (ထွက်ပါတယ်ဘုရား)။

မျက်နှာညှိုးညှိုးငယ်ငယ်နဲ့သွားကြရတယ် . . . (ညှိုးငယ်ပါတယ်ဘုရား) ဘာဖြစ်လို့တုံးဆိုတော့ ထိုက်တန်သလောက် သူအားကိုးထားတာကို ဒီအားကိုးလွဲလို့ ညှိုးငယ်တာ (တင်ပါဘုရား)။

မောင်ချစ်ဆွေ ဘာတဲ့တုံး . . . (အားကိုးလွဲကညှိုးစေတာပါဘုရား) ဒါကိုယ်ညှိုးတာ မရိပ်မိဘူး၊ သနားတာပါပဲဗျာ ဘာဟုတ်မလဲ သနားတာပဲလို့ ဖုံးပစ်တာ၊ ဘယ်ဟုတ်မလဲ တစ်ခါတည်း ဒုက္ခဒေါမနဿက သူနဲ့ပတ်သက်ပြီး မဖြစ်ထိုက်သေးဘူး ဖြစ်တယ်ဆိုပြီးတော့ တစ်ခါတည်း မျက်နှာညှိုးဖြစ်သွားတယ်။

ဟိုနီးစပ်တဲ့ပုဂ္ဂိုလ်ကျတော့ နဂိုက သွေးသားကလည်း စပ်နေတဲ့ပုဂ္ဂိုလ်ကျတော့ တစ်ခါတည်း ယူကျုံးမရဖြစ်လာတာပဲ မလာဘူးလား (လာပါတယ်ဘုရား)။

## ဒါဘယ်ကလာတာတုံး

ဒါ ဘယ်က လာတာတုံးကွ (အားကိုးလွဲက လာတာပါဘုရား)။ အားကိုးလွဲကလာတာ ဒါဖြင့် အားကိုးလွဲက လာလို့ရှိရင်ဖြင့် ဒုက္ခဒေါမနဿလာမယ် မလာဘူးလား (လာပါတယ်ဘုရား)၊ အားကိုးမှားရင် ဒုက္ခဒေါမနဿမှ တစ်ပါး တခြားလာစရာရှိသေးရဲ့လား။

လာရင်လည်း ဒီတင်ရောက်မှာလား၊ အဝိဇ္ဇာ သင်္ခါရ ပြန်ပတ်မှာလား (ပြန်ပတ်မှာပါဘုရား) အဝိဇ္ဇာ သင်္ခါရ ပြန်ပတ် မယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား) ဒါဖြင့် (၃၁)ဘုံမှာ မျက်ရည် ဇာတ် မသိမ်းခဲ့ရတဲ့ဥစ္စာ ဒီနေ့လက်သည်ပေါ် သွားပြီ (ပေါ်ပါ ပြီဘုရား)။

## ကံမကောင်းလို့ ငိုတာလား

ခင်ဗျားတို့ မျက်ရည်ပွဲကြီးနဲ့ တစ်သံသရာလုံး ငိုခဲ့ကြရ တာတွေကို သေသေချာချာ စဉ်းစားတော့ ကံမကောင်း အကြောင်းမသင့်လို့ ငိုရတာ တစ်ခုမှမပါဘူး . . . (မပါပါဘူး ဘုရား)၊ အားကိုးလွဲလို့ (တင်ပါဘုရား)။

မင်းတို့သုံးနေတာက မောင်ထွန်းရင်တို့က သူ့မှာကံ မကောင်းအကြောင်းမသင့်လို့ မျက်ရည်ကြီးငယ်ကျရတာ၊ ဘယ်ဟုတ်မလဲ နဂိုက ဒီဥစ္စာ အားမကိုးခဲ့လို့ရှိရင်၊ ဒီဟာကြီး ဘာဖြစ်သွားသွား သူမျက်ရည်မကျဘူး၊ ကျပ့်မလား . . . (မကျပါဘူးဘုရား)။

အခုတော့ သူက ဒါတွေအားကိုးထားလိုက်တော့ ခန္ဓာ ငါးပါး၊ ဒါဖြင့် ခင်ဗျားတို့အတွက်ဟာ အတော်ခက်တယ်၊ ပရမတ်က ပရမတ်အတိုင်းပြောရင်လည်း ခင်ဗျားတို့က ငိုချင်းချတယ်။

ပရမတ်က ပရမတ်သဘောပြောရင် (ငိုချင်းချပါတယ် ဘုရား) ခက်ပြီ မောင်ချစ်ဆွေ၊ အစ်မ ဘယ့်နှဲ့တုံး (ခက်ပါပြီ ဘုရား) ပရမတ်က သဘောပြောလို့ရှိရင်ဖြင့် ဉာဏ်ဆိုက်ရမှာ ကိုဗျ၊ ဟုတ်ဘူးလား . . . (တင်ပါဘုရား)။

ဉာဏ်ဆိုက်ရမှာမဟုတ်လား၊ မဂ်ဉာဏ်ပေါ်ရမယ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ပေါ်ရမယ် . . . (တင်ပါဘုရား)၊ မပေါ်တဲ့အပြင် မင်းတို့မှာ ဘာဖြစ်နေတုံး (ငိုချင်းချနေပါတယ် ဘုရား)၊ ငိုချင်းချနေတယ်။

ဩော် . . . ဘုရားအဆူဆူနဲ့လွဲတာ၊ တရားအမျိုးမျိုး နဲ့လွဲတာ၊ ဘုရားအဆူဆူတရားတွေထားခဲ့ပါတယ်၊ သာသနာ ထားခဲ့တဲ့ဘုရားတွေလည်း မနည်းပါဘူး၊ အဲဒီတရားနဲ့လည်း ပြလိုက်ပါရော၊ ငိုချင်းချတာပဲ (တင်ပါဘုရား)။

တရားပြ ငိုချင်းချ၊ တရားပြ ငိုချင်းချ၊ ရှင်းပလား ဒါဘယ်ကလာတာတုံးကွ (အားကိုးလွဲကပါဘုရား)၊ အားကိုး လွဲတစ်လုံးတည်း ဟောနေတာပဲ၊ ဒီနေ့အတွက် ဒိပြင် များများ မပါသေးပါဘူး၊ ဘယ်ကလာတာပါလိမ့် (အားကိုးလွဲက လာ တာပါဘုရား)၊ တယ်ခက်ပါလား မင်းတို့ အင်မတန်ခက်နေပြီ ကွ မောင်ချစ်ဆွေရ။

## တရားကိုအားကိုးစမ်းပါ

ဒါဖြင့် ဘုရားက "ခမ္မဒီပါ ခမ္မသရဏာ" ဓမ္မအားကိုးစမ်းပါကွ . . မဟောဘူးလား (ဟောပါတယ်ဘုရား)၊ ဓမ္မသရဏာတဲ့ တရားပဲ ဦးသံဒိုင် အားကိုးစရာရှိတယ်လို့ သေချာမှာတာပဲ၊ ဒီသုတ်မှာ မမှာဘူးလား၊ ဒီတစ်ပုဒ်တည်းနဲ့ ကိစ္စပြီးလောက်ပါတယ်၊ မပြီးလောက်ဘူးလား . . . (ပြီးလောက်ပါတယ်ဘုရား)။

ပြီးလောက်ပါတယ် တဲ့၊ ကဲ ဒါဖြင့် ဒီလိုအားကိုးမှားတော့ကိုတဲ့ ဘာဖြစ်သတုံးလို့မေးတဲ့အခါကျတော့၊ သြော်-သောကပရိဒေဝ ဒုက္ခဒေါမနဿဖြစ်မှာ ဘုရားက စိုးရှာလွန်းလို့ အားကိုးမလွဲစေနဲ့ဟော့။

သောက ပရိဒေဝ ဒုက္ခဒေါမနဿဖြစ်မှာ သနားလွန်းလို့ (တင်ပါဘုရား)၊ ရင်ဝယ်သားကဲ့သို့ သနားတယ် (တင်ပါဘုရား)။

## အားကိုးမှန်ရင်နိဗ္ဗာန်ပေါ် လာတယ်

ဒီတော့ ခင်ဗျားတို့က အစ်မတို့ လူစုက အားကိုးတော့ မလွဲစေနဲ့ စကားတစ်လုံးနားထောင်လို့ရှိရင် သောက ပရိဒေဝ ချုပ်တယ် . . . (တင်ပါဘုရား)၊ အားကိုးမလွဲရင် သောက ပရိဒေဝချုပ်တယ်။ **"အသောကံ ဝိရဇံ ခေမံ ဧတံ မင်္ဂလမုတ္တမံ"**

ဆိုတဲ့အတိုင်း နိဗ္ဗာန်ကြီးပေါ်လာတယ် မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။

အားကိုးမှန်သွားရင် (နိဗ္ဗာန်ပေါ်ပါတယ်ဘုရား)၊ သူမဂ်ပေါ်အောင် လုပ်လိုက်တဲ့အခါကျတော့ အားကိုးမှန်သွားတော့ နိဗ္ဗာန်ပေါ်လာတယ်။

အားကိုးလွဲလိုက်တော့ မျက်ရည်တွေထွက်လာတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဒါဖြင့် မျက်ရည်အစ အားကိုးမှားဒိဋ္ဌိကပေါ့ကွာ (တင်ပါဘုရား)။

မျက်ရည်အစ (အားကိုးမှားဒိဋ္ဌိကပါဘုရား)၊ ဒါဖြင့်မင်းတို့ကတော့ဖြင့် ဦးသံဒိုင်တို့ လူစုတွေကတော့ အို-သနားလိုက်တာ သနားတယ် ကျုပ်ဖြင့် မကြည့်ချင်ဘူး။

မကြည့်ချင်ဘူးဆိုပြီး စိတ်ထဲထိခိုက်တယ်၊ စိတ်တော့ထိခိုက်တယ်၊ ဘာဖြစ်လို့မကြည့်ချင်တာတုံး ထိုက်တန်သလောက်အားကိုးရှိတယ်၊ မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

ရှိတယ်တဲ့ ဒီဥစ္စာတွင်ဖြင့် ကိုယ်ကိုင်တဲ့ တောင်ဝှေးလေး ပျောက်သွားတာတောင် စိတ်ပျက်လိုက်တာ လာသေးတယ်(တင်ပါဘုရား)။ လာသေးတယ် ကိုယ်ကိုင်တဲ့ တောင်ဝှေးလေး ပျောက်သွားရင် ဘယ့်နှယ်တုံး (စိတ်ပျက်တာ လာပါ

တယ်ဘုရား) အားကိုးမှားပါပြီကော၊ ဒီတောင်ဝှေးလေးနဲ့ ထောက်သွားနေတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲတော့ ဘယ်ဟာရယ်လို့မဟုတ်ဘူး၊ အားကိုးမှားဟူသ၍ဟာ သောက ပရိဒေဝကို ကျေးဇူးပြုမှာပဲ (တင်ပါဘုရား) ပေါ်ကြပလားကွ (ပေါ်ပါပြီဘုရား)။

## ဝိပဿနာမဂ်သာလုပ်ပါ

ဒါဖြင့်ကွာတဲ့ မင်းတို့အတွက်ဖြင့် မဂ်စစ်ကို ငါမဟောနိုင်သေးပါဘူး၊ ဝိပဿနာ ရှေ့ပြေးမဂ်သာ ငါဟောပရစေဦးတဲ့၊ ဒီသုတ်မှာလာတာ (တင်ပါဘုရား) မဂ်စစ်ကို ငါမဟောသေးဘူးတဲ့၊ ဝိပဿနာမဂ်ပဲ မင်းတို့ကို ဟောပရစေဦးတဲ့။

ဝိပဿနာမဂ်သာ မင်းတို့လုပ်လိုက်လို့ရှိရင်၊ တဒင်္ဂဖြစ်တဲ့ သောကပရိဒေဝအကုန်ငြိမ်းတယ်ကွတဲ့၊ ဒီသုတ်မှာ ပါတာ တဒင်္ဂသောကပရိဒေဝအကုန်ငြိမ်းမယ်တဲ့ (တင်ပါဘုရား)၊ ဝိပဿနာမဂ်သာ လုပ်စမ်းပါတဲ့ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်းတို့ခန္ဓာကိုယ်ကြီးကို ခန္ဓာငါးပါးခွဲလိုက်ပြီး သင်္ခါရ တစ်ပါးပါးကို သြော် အနတ္တဖြစ်အောင်၊ အနိစ္စ၊ အနတ္တဖြစ်အောင် ရှုလိုက်ပြီဆိုမှဖြင့် သြော် အားကိုးစရာမရှိပါလား ငိုပွဲသိမ်းတယ်။

ကိုယ်က အားကိုးစရာမရှိဘူး၊ သူ့ကြည့်တော့လည်း အားကိုးစရာမရှိတဲ့အကြောင်း သူကပြောနေတယ်။ မပြောဘူးလား (ပြောပါတယ်ဘုရား) ခန္ဓာက မပြောဘူးလား (ပြောပါတယ် တယ်ဘုရား)။

ပြောတဲ့အခါကျတော့၊ အင်းဒါဖြင့် ပြောလည်း ပြောရော၊ ကိုယ့်ခန္ဓာထဲ မဂ်ကပေါ်လာတယ်၊ ခန္ဓာကလည်း အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကို ဦးသံဒိုင် ပြောပါရော ကျုပ်တို့မှာ မဂ်ဉာဏ်ပေါ်လာတယ် (မှန်ပါဘုရား)။

## မဂ်ဉာဏ်က စိုးရိမ်မှု၊ ငိုကြွေးမှုကိုငြိမ်းစေတယ်

မဂ်ဉာဏ်က သောကပရိဒေဝကို သွားငြိမ်းသတ်တယ်၊ နောင်လာလတ္တံ့ သောကပရိဒေဝကို အနာဂတ်လှမ်းသတ်လိုက်တယ်၊ ရိပ်မိကြပလားကွ (ရိပ်မိပါပြီဘုရား)။

ကဲ ဝိပဿနာနဲ့ပဲ တဒင်္ဂဘယ့်နှယ်နေတုံး (ငြိမ်းပါတယ်ဘုရား) ဝိပဿနာဉာဏ်ကိုကွာတဲ့ တဒင်္ဂ ကျေးဇူးများတယ်ဆိုတာ ငါဒီသုတ်မှာ ဟောပါတယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

မဂ်ဆိုက်အောင်လုပ်လို့ရှိရင်တော့ အကုန်သိမ်းပါတယ်၊ တဒင်္ဂတာ ငြိမ်းတယ်၊ တဒင်္ဂဆိုတာ ခဏပေါ့ကွာ

(မှန်ပါဘုရား) ဝိပဿနာမဂ်နဲ့ အလုပ်လုပ်ထားတောင် အားကိုး မှန်ခဲ့လို့ရှိရင်ဖြင့် အဲဒါကို ဒါဖြင့် အားကိုးမှန်ဟာ ဘာတုံးဆို တော့ လောကီက လောကုတ္တရာမဂ်လို့ အဋ္ဌကထာဆရာက ဖွင့်ဆိုတယ် လောကီက လောကုတ္တရာမဂ် လောကီမဂ်နဲ့ လောကုတ္တရာမဂ်နှစ်ခုအားကိုးကွ။

## လောကီမဂ်ကခဏငြိမ်းတယ်

ရှေးဦးစွာ လောကီမဂ်လာမယ် နောက်လောကုတ္တရာ မဂ်လာမှာပေါ့ကွ၊ အဲဒါ အားကိုးလိုက်လို့ရှိရင် တဒင်္ဂငြိမ်းတယ် ကွတဲ့။

လောကီမဂ်အားကိုးရင် တဒင်္ဂငြိမ်းတယ်၊ လောကုတ္တရာ မဂ် အားကိုးလို့ရှိရင်. သမုစ္ဆေဒငြိမ်းတယ် (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲတော့ကို မျက်ရည်ကြီးငယ်ကျရမှာကို ကျုပ် အင်မတန် ကြောက်တယ်လို့ညည်းမနေနဲ့၊ မျက်ရည်ကြီးငယ် ဇာတ်သိမ်းတဲ့ မဂ်ကိုအားကိုးလိုက် (တင်ပါဘုရား)၊ ရှင်းပလား ဘာအားကိုးကြမတုံး (မဂ်ကိုအားကိုးရမှာပါဘုရား) မဂ်ကို အားကိုးလိုက်။

## မဂ်ကိုအားကိုးပါ

အဲတော့ ခန္ဓာကို အားကိုးလို့ရှိရင် သောကပရိဒေဝဖြစ်မယ်၊ မဂ်ကိုအားကိုးလို့ရှိရင် သောကပရိဒေဝသိမ်းမယ် (တင်ပါဘုရား)၊ ခန္ဓာကို အားကိုးရင် (သောကပရိဒေဝဖြစ်ပါမယ် ဘုရား)၊ မဂ်ကို အားကိုးလိုက်ရင်ကော. . . (သောက ပရိဒေဝ ငြိမ်းပါ့မယ်ဘုရား)၊ ငြိမ်းမယ်ဆိုတာ ခုနပါဠိတော်ရွတ်ပြီးပြီ ဟုတ်ဘူးလား။

"သောကပရိဒေဝါနံ သမ တိက္ကမာယ" ဘုရားအဆူဆူဖွင့်မှာကိုကွ ဒီဥစ္စာ၊ သတိပဋ္ဌာန်ပါဠိတော်ကိုကွ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဒုက္ခဒေါမနဿကလည်း မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)၊ ဉာယဿဆိုတယ်။

## ခန္ဓာကိုအားမကိုးပါနဲ့

ဉာယဿပြီး မဂ္ဂဿကို၊ မဂ်ပဲကွတဲ့ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) ဒါဖြင့် ဘာအားကိုးရမတုံး (မဂ်ကိုအားကိုးရမှာပါဘုရား) ခန္ဓာကို အားမကိုးနဲ့ မဂ်ကို (အားကိုးရမှာပါဘုရား)။

အဲတော့ မဂ်ကို အားကိုးလိုက်လို့ရှိတော့၊ သောကပရိဒေဝတွေက ငြိမ်းသွားတော့၊ ပြန်ပြီးအဝိဇ္ဇာ သင်္ခါရ လှည့်

သေးရဲ့လား . . . (မလှည့်ပါဘူးဘုရား) ဒါဖြင့် သံသရာပြတ်တယ် (တင်ပါဘုရား) သံဘောပါပလား (သဘောပါပါပြီဘုရား)။

ခန္ဓာကို အားကိုးလိုက်တဲ့အခါကျတော့ ခန္ဓာက အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောပြောလည်း ပြောပြီး ရောသောကပရိဒေဝထတောက်တယ် (တင်ပါဘုရား) မတောက်ဘူးလား (တောက်ပါတယ်ဘုရား) တောက်ပြီးတာနဲ့ အဝိဇ္ဇာ သင်္ခါရဘက်ပြန်လှည့်သွားတယ်။

ခန္ဓာကို အားကိုးလို့ရှိရင်ဖြင့် သောကပရိဒေဝရမယ်၊ သဘောကျပလား (သဘောကျပါပြီဘုရား)၊ မဂ်ကိုအားကိုးလို့ရှိရင် သောကပရိဒေဝသိမ်းမယ်ငြိမ်းမယ်ဆိုရင် ကောင်းကောင်း ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဒီဓမ္မကိုသာအားကိုးကြ

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက **"ဓမ္မဒီပါဓမ္မသရဏာ"** ဒီဓမ္မကိုသာ အားကိုးကြ၊ ငါသေချာမှာခဲ့တယ် မင်းတို့ကို မျက်ရည်ဇာတ်သိမ်းတာဖြင့် ဒီနည်းပဲရှိတယ် (တင်ပါဘုရား)။

သံသရာစခန်းသတ်တာကော (ဒီနည်းပါပဲဘုရား)

ဒီနည်းပဲရှိတယ်ဆိုတော့ ဦးသံဒိုင်တို့ ဒါမှတ်လိုက်ဖို့ကောင်း တယ် (မှန်ပါဘုရား)၊ မောင်ထွန်းရင် ဘယ့်နှယ်တုံး (မှတ်လိုက်ဖို့ကောင်းပါတယ်ဘုရား) မှတ်လိုက်ရမှာပဲ . . . ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီတရားဟာ နောက်ကို ဘယ်သူငိုတယ်ဆိုတာ ကြည့် ဦးသံဒိုင်တို့ကနော်၊ ဘယ်သူမျက်နှာ မသာမယာ ရှိလဲ ဆိုတာကြည့်၊ အားကိုးလွဲကချည်းလာတာ၊ ဆောင့်ငင် အောင့်ငင်နဲ့ သွားလို့ရှိရင်ကော ဘာထင်ကြတုံး အားကိုးလွဲပဲ ဦးသံဒိုင်ရိပ်မိပြီနော် (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် မျက်စိမျက်နှာ မကြည်မသာ အလုပ်ဟူသ၍ ကား ဘယ်ကလာတာတုံး (အားကိုးလွဲက လာတာပါဘုရား)။ အရှက်မရှိအောင် ငိုပွဲဆင်၊ အဝတ်တွေ မသိမ်းနိုင် မဆည်းနိုင် လောက်အောင် ဘယ်ကလာတာတုံး (အားကိုးလွဲက လာတာပါ ဘုရား)။

ဒါ ဘာတုံးဆိုလို့ရှိရင်ဖြင့်တဲ့ ဓမ္မကို အားမကိုးဘဲနဲ့ သဘောကျပလား၊ ဓမ္မကို အားမကိုးဘဲနဲ့ ခန္ဓာကို သွားအား ကိုးလိုက်တာ ရှင်းပလား၊ ခန္ဓာငါးပါးကို ယောကျ်ားမိန်းမလုပ်ပြီး တစ်ခါတည်း အကြီးအကျယ်အားကိုးနေလိုက်တယ်၊ မဆိုနိုင် ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

## ကိုယ့်ခန္ဓာထဲဝိပဿနာရှုပါ

ကဲ ဒါဖြင့် ကိုယ့်ကိုယ်ကိုယ်လည်း စိတ်လည်းမချမ်းသာဘူး ဆိုလို့ရှိရင်၊ ကိုယ့်ကိုယ်မြန်မြန်ဝိပဿနာရှုလိုက်၊ကိုယ့်ခန္ဓာထဲ တစ်ခုခုမြန်မြန်ရှုပါ၊ ဝေဒနာကြိုက် ဝေဒနာရှု၊ စိတ်ကြိုက်စိတ်ရှု၊ မြန်မြန်ရှုလိုက်လို့ရှိရင်ဖြင့် သောကပရိဒေဝငြိမ်းသွားတာပဲ သဘောကျပလား . . . (သဘောကျပါပြီဘုရား)။

သို့မဟုတ် လို့ရှိရင် သူ့ကြောင့်ကိုယ့်ကြောင့်သာ ရှုပ်နေရင်တော့သွားပြီ ငိုပွဲသာ လာတော့မှာပဲ၊ မောင်ထွန်းရင် သူ့ကြောင့် ကိုယ့်ကြောင့် ရှုပ်ရင်ဘာတဲ့ဗျ (ငိုပွဲလာမှာပါ ဘုရား)။

## "သူ" "ကိုယ်" နှိပ်စက်နေတယ်

အဲတော့ ခင်ဗျားတို့မှာလည်း ငိုပွဲဆင်ရအောင်ပဲ သူရှိအောင်လည်းလုပ်ထားတယ်၊ ကိုယ်ရှိအောင်လည်းလုပ်ထားတာ ဒီဌှဗျ (တင်ပါဘုရား)။

သူရှိအောင်လုပ်ထားတာကော (ဒီဌှပါဘုရား) ကိုယ်ရှိအောင် လုပ်ထားတာကော (ဒီဌှပါဘုရား) ဒါဖြင့် ခင်ဗျားတို့မှာဖြင့် သူ ကိုယ်နှိပ်စက်နေတယ်၊ မောင်ထွန်းရင် ဘယ်သူနှိပ်စက်နေတာတဲ့ (သူ ကိုယ်နှိပ်စက်နေပါတယ်ဘုရား)၊ သူကိုယ်နှိပ်စက်နေတယ်ကွ၊ သူ့ကိုယ်သူ သူလို့လုပ်ထားပြန်တော့ သူက

နှိပ်စက်တယ်၊ ကိုယ့်ကိုယ်ကို ကိုယ်လုပ်ထားပြန်တော့ ကိုယ်က နှိပ်စက်တယ်။

## အားကိုးမှန်မှ ကိုက်မယ်

ဒါဖြင့် သူ ကိုယ်နှစ်ခုသည်ကားလို့ရှိရင် ဒိဋ္ဌိက လာတာချည်းပဲ ရှင်းပလား၊ ငါရှိတော့ ငါ့ဥစ္စာကိုကွ၊ အတ္တမို့ အတ္တနိယ ပေါ်ပလား။

ဒါဖြင့် ဒကာ ဒကာမတွေမှာ စိတ်မချမ်းသာ လက်မချမ်းသာနဲ့ ပျော်တာက နည်းနည်း၊ ငိုပွဲကများများ၊ ဒါအားကိုးလွဲကလာတာချည်းပဲဆိုတဲ့ အဓိပ္ပါယ် ရှင်းလောက်ပါပြီကွ (မှန်လှပါဘုရား)။

ဒါဖြင့် မင်းတို့ တဒင်္ဂငြိမ်းမှ လောကုတ္တရာငြိမ်းမှာ (မှန်ပါ) အားကိုးမှန်မှ ကိုက်မယ်ဆိုတဲ့ဥစ္စာကို ဒီတရား နိဂုံးချုပ်လိုက်တယ် ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲတော်ပြီ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# ဘယ်အကျိုးငှာ ဘုရားပွင့်သတုံး
# (ညီတော်တိဿ)

ဟောကြားသည့်နေ့ (၁-၃-၆၂)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ လမ်းကို နားလည်တဲ့ ပုဂ္ဂိုလ်တဲ့၊ ဒါကြောင့် လှည်းဦးစီးသဖွယ်ဆိုပြီးသကာလ **"သတ္ထာဒေဝမနုဿာနံ"** လမ်းကိုနားလည်တဲ့ ကိုယ်တော်ကြီး၊ ဒါက လက်ဝဲလမ်းကွ၊ ဒါက လက်ယာလမ်းကွ၊ ဒီလိုနားလည်တဲ့ပုဂ္ဂိုလ်ကြီး။

## ဘယ်အကျိုးငှာဘုရားပွင့်သတုံး

အဲတော့ ဘုရားပွင့်လာတာ ဘယ်အကျိုးငှာသူပွင့်လာသတုံးမေးတော့မှ လမ်းနှစ်လမ်းလုံး နားလည်တဲ့ပုဂ္ဂိုလ်မို့ လက်ယာလမ်းကို ပြဖို့ ရည်ရွယ်ချက်နဲ့ ဘုရားအဖြစ်ကို ယူပါတယ်လို့ အောက်မေ့ရမယ်။

ဘုရားအဖြစ်ကို ဘယ်အကျိုးငှာ ယူပါလိမ့်မတုံး အောက်မေ့တော့မှ လမ်းနှစ်လမ်း နားလည်တဲ့အဖြစ်ကို ရချင်လွန်းလို့ ပါရမီ (၁၀) ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးပါးကို စွန့်ရမယ်။

နောင်ဒီအတိုင်းနဲ့ ဘုရားဖြစ်ကြောင်းတွေ ကြိုးစားလိုက်တဲ့အခါ ဘုရားဖြစ်တယ်၊ ဘုရားဖြစ်တော့ သူဘာနားလည်တုံး မေးတော့ လမ်းပြအဖြစ် နားလည်လာတယ်။

## လူနတ်တို့၏လမ်းပြဆရာကြီး

ဒါကြောင့် **သတ္ထာဒေဝမနုဿာနံ၊ ဒေဝမနုဿာနံ** = နတ်လူတို့၏၊ သတ္ထာ = လမ်းပြဆရာကြီး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သူ့ဂုဏ်က **သတ္ထာဒေဝမနုဿာနံ**၊ ဒေဝမနုဿာနံ = နတ်လူတို့၏၊ သတ္ထာ = လမ်းပြဆရာကြီး။

ဒါကြောင့် ဘုရား၊ ဘယ်အကျိုးငှာ ဘုရားအဖြစ်အရယူပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့၊ လမ်းနှစ်လမ်းကို

သိပြီးသကာလ တစ်လမ်းပယ်ပြီး သကာလ၊ တစ်လမ်းပြချင်လွန်းလို့ ဘုရားအဖြစ်ကိုကျင့်တယ်၊ ဘုရားအဖြစ်ကို အရယူတယ်လို့ ဆုံးဖြတ်ချက်ချရမယ်။

## မိစ္ဆာမဂ္ဂင်လမ်းမသွားနဲ့

အဲတော့ ဘုရားရှိခိုးတဲ့အခါ ဒကာ ဒကာမတွေက **"သတ္ထာဒေဝမနုဿာနံ"** အလကားမရွတ်လိုက်ပါနဲ့၊ ဩော် မိစ္ဆာမဂ္ဂင်လမ်း၊ သမ္မာမဂ္ဂင်လမ်းကို မိစ္ဆာမဂ္ဂင်လမ်း မသွားနဲ့ကွ၊ သမ္မာမဂ္ဂင်လမ်းသွားကွလို့ဆိုပြီး၊ လမ်းနှစ်လမ်းရှိတဲ့အနက်က နှစ်လမ်းစလုံး သိသောကြောင့် တစ်လမ်းကိုသာ သွားစေသတဲ့၊ လက်ဝဲရှောင်ပြီး၊ လက်ယာဆောင်စေလိုတဲ့ အဓိပ္ပါယ်ပဲဆိုတဲ့ ဥစ္စာ သတ္ထာဒေဝမနုဿာနံ ဘုရားရှိခိုးတိုင်း ရှိခိုးတိုင်း လက်ယာလမ်းလိုက်ပါကွ၊ လက်ယာလမ်းလိုက်ပါကွလို့ ပြောနေတယ်လို့ အစ်မတို့က အောက်မေ့ရမယ် (တင်ပါဘုရား)။

အခုတော့ ဘုရားရှိခိုးနေတာ **သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါဘဂဝါ** အင်း ဘာမှန်းလည်း မသိဘူး၊ **သတ္ထာဒေဝ မနုဿာနံ** ဆိုတာ လက်ဝဲပယ်ပြီး လက်ယာလိုက်ပါလို့ ဆုံးမနေတာ ကိုယ်တော်ကြီးက (တင်ပါဘုရား)၊ ဒီက ဘုရားရှိခိုးနေတာ သူ့ကို (တင်ပါဘုရား)။

## လက်ယာလမ်းလိုက်ပါ

သူကတော့ကွာ ပြောနေတယ်၊ ငါ "**သတ္တာဒေဝမနုဿာနံ**" ဆိုတာ မင်းတို့၏ ဆရာပါ၊ လက်ဝဲရှောင်ပြီး လက်ယာလမ်းလိုက်ပါကွာလို့ ငါပြောနေတာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲတော့ ဒကာ ဒကာမတွေက ကန့်လန့်လုပ်ပြီး သကာလ တစ်ခါတည်း မိုးလင်းသည်နှင့် တစ်ပြိုင်နက်တည်း လက်ဝဲလမ်းချည်း မောင်းချစ်ဆွဲ ဖိသွားတာ၊ (မှန်ပါတယ်ဘုရား)၊ လက်ယာလမ်း တရားထိုင်တဲ့ အချိန်လေးလောက်ပဲ၊ ကျန်တဲ့အချိန် လက်ဝဲလမ်းချည့်သွားနေတာပဲ၊ တော်ကြာကျရင် **သတ္တာဒေဝမနုဿာနံ** အော်ပြန်ပြီ၊ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

အင်း **သတ္တာဒေဝမနုဿာနံ** အော်ပြန်ပြီ၊ ကိုယ်တော်ကြီးက လက်ယာလိုက်၊ လက်ယာလိုက်လို့ ပြောနေတာ **သတ္တာဒေဝမနုဿာနံ**က (အဓိပ္ပါယ် မသိလို့ပါ ဘုရား)၊ အဓိပ္ပါယ် မသိတာ တစ်ကြောင်းပါပဲ၊ လိုက်မြဲတမ်းလမ်းက လည်း သွက်လွန်းတယ်ကွ၊ သဘောပါကြပလား (သဘောပါ ပါပြီဘုရား)။

## ဘုရားရှိခိုးလို့ရှိရင်

ဒါဖြင့် နောက်ဘုရားရှိခိုးလို့ရှိရင် **သတ္တာဒေဝမနုဿာနံ** ဆိုတာ၊ ဩော် . . . ငါကို သမ္မာမဂ္ဂင်လုပ်လို့ပြောတာ၊ မိစ္ဆာမဂ္ဂင်အလုပ် မလုပ်နဲ့လို့ ပြောတာ (တင်ပါဘုရား)။

**သတ္တာဒေဝမနုဿာနံ** ကို ဉာဏ်ထဲမှာ ရွတ်မည်ကြံတိုင်း ဩော် လက်ယာလမ်းလိုက်တဲ့ လက်ဝဲလမ်း ရှောင်ရမယ်တဲ့ဆိုတာ ဒါပြောနေတာ (တင်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဒါ့ကြောင့် ဘုရားရှိခိုးတော့ **သတ္တာဒေဝမနုဿာနံ** လို့ ရွတ်မလား၊ သူဘာပြောနေတယ်ဆိုတာ တွေးမလား (သူဘာပြောနေတယ်ဆိုတာ တွေးမှာပါဘုရား)။

တွေးတော့ သူဘယ့်နဲ့ပေါ် လာကြတုံး (လက်ယာလမ်းလိုက်) လက်ဝဲလမ်းရှောင် သဘောပါပလား (သဘောပါပါပြီဘုရား)၊ ဒါကြောင့် သူသည် ဒီနည်းနားလည်တဲ့ပုဂ္ဂိုလ်ကြီးဆိုပြီး သူ့ကိုယ်သူ **သတ္တာဒေဝမနုဿာနံ** ခရီးကို ငါမှ နားလည်တာကွတဲ့၊ သွားမိသွားရာသွားနေကြတဲ့ ပုဂ္ဂိုလ်အချိုးအစားတွေကို လက်ဝဲချည်းဖိသွားနေတဲ့ပုဂ္ဂိုလ်တွေကို သနားလို့ ငါဘုရားအဖြစ်သို့ယူတယ်၊ ဒါကြောင့် ငါ့ "**သတ္တာဒေဝမနုဿာနံ**" ငါရတယ်။

## တဖွဖွပြောနေတာမှတ်ပါ

သူများပေးလို့ ရတာမဟုတ်ဘူး၊ သူ့ဟာသူ ဆုတောင်းယူလို့ရတာ (တင်ပါဘုရား)၊ သဘောပါကြပလား (သဘောပါ ပါပြီဘုရား)။

ဒါဖြင့် သစ္စာဒေဝမနုဿာနံ ဆိုတာ ပုထုဇဉ်ရဟန်းတွေကို လက်ဝဲလမ်းရှောင်၊ လက်ယာလမ်းလိုက်ပါဆိုတာကို တဖွဖွပြောနေတာမှတ်ရမယ် (တင်ပါဘုရား)။

ရှိခိုးနေဖို့လား၊ အလိုက်ခိုင်းတာလား၊ (အလိုက်ခိုင်းတာ ပါဘုရား၊ ရှိခိုးခိုင်းတာ မဟုတ်ပါဘူး) ရှိခိုးနေဖို့မဟုတ်ဘူး၊ ရှိခိုးပြန်လို့ရှိရင်လည်း ဩော် - ဒီကိုယ်တော်ကြီးက လမ်းသိတဲ့ ပုဂ္ဂိုလ်ကြီးမို့ ကြည်ညိုပါတယ်၊ ဒို့လမ်းပြကိုယ်တော်ကြီးဆို ကြည်ညိုလိုက်။

## ကြည်ညိုရုံနဲ့မပြီးသေးဘူး

ကြည်ညိုရုံနဲ့မပြီးသေးဘူး၊ ကြည်ညိုရင် သုဂတိရောက်မယ်၊ သူပြောတဲ့အတိုင်း လက်ဝဲရှောင်ပြီး၊ လက်ယာဆောင်လိုက်ကြမယ်ဆိုလို့ရှိရင် နိဗ္ဗာန်ရောက်မယ် (တင်ပါဘုရား)၊ သဘောပါပလား (သဘောပါပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ည **သစ္စာဒေဝမနုဿာနံ** ကို အဓိကထား ပြောတယ်လို့ မှတ်ရမယ်နော် (တင်ပါဘုရား)။

## ဘုရားညီတော်တိဿ

အဲဒါ ဘယ်သူ့အကြောင်းအရင်းခံပြီးတော့ ဘယ်လိုနေပုံ ဘယ်သူဟောပါလိမ့်မတုံးလို့မေးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ ညီအစ်ကိုပါပဲ၊ သုဒ္ဓေါဓနမင်းကြီး ညီကမွေးတဲ့ တိဿဆိုတဲ့ ရဟန်းတစ်ပါးရှိတယ်၊ ရဟန်းခံပြီးနေတယ်၊ သူနဲ့ညီအစ်ကိုပဲ အဖေညီအစ်ကို။

အဲ့ဒီ တိဿက သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးပြီးသကာလနေတော့ သူ့စိတ်ထဲ မပျော်ဘူး၊ မပျော်တာမှ သာမညမပျော်တာမဟုတ်ဘူး၊ ဘယ်လိုမပျော်သတုံးမေးတဲ့အခါ ခန္ဓာကိုယ်ထဲ လေးလံလာတယ်၊ ပျင်းလိုက်တာ (တင်ပါဘုရား)။

ခန္ဓာကိုယ်ထဲ လေးလံလာတယ်၊ သူက အရှေ့ အနောက် တောင် မြောက်တောင် သူ့ဥစ္စာမကွဲတော့ဘူး (တင်ပါဘုရား)၊ မပျော်လွန်းလို့ပေါ့လေ၊ အရှေ့ အနောက် တောင် မြောက်လည်း မကွဲဘူး၊ ခန္ဓာကိုယ်လည်း သယ်လို့ ယူလို့မကောင်းဘူး။

ပြီးတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတဲ့ တရားတွေ အားထုတ်ရတာလည်း သူ့ဉာဏ်ထဲမှာ မထင်လာတော့၊ ဩော် သက်န်းဝတ်ခါမျှ မဟုတ္တနဲ့တူပါရဲ့၊ သူ့ကိုယ် လည်း သက်န်းဝတ်ကလေးသာထူးတာထင်ပါရဲ့၊ တရားက ဘာမှ

မပေါက်ရောက်ဘဲကို၊ ဒီတရားပေါ်၌လည်း ဟုတ်မှ ဟုတ်ပ့ါ မလားဆိုတဲ့ သံသယက လာလိုက်သေးတယ် (တင်ပါ)။

## သံသယတွေများနေတယ်

တိဿမှာဖြစ်နေတာ ခန္ဓာကိုယ်က လေးလံတာ တစ်မျိုး၊ အရှေ့အနောက် တောင်မြောက် မကွဲတာက တစ်မျိုး၊ တရားပေါ်မှာ ဟုတ်မှဟုတ်ရဲ့လားဆိုတဲ့ သံသယရှိနေတာက တစ်မျိုး၊ ဒီလိုဖြစ်နေတော့ ရဟန်းတွေ ပြောတာပေ့ါလေ၊ တိဿက အရှင်ဘုရားတို့ တပည့်တော်တော့ ခန္ဓာကိုယ်က လေးလံတယ်၊ အရှေ့အနောက်တောင်မြောက်လည်း မကွဲဘူး၊ ကျင့်နေတဲ့ တရားကဟုတ်မှဟုတ်ကဲ့လားဆိုတဲ့ သံသယ ဝိစိကိစ္ဆာသိပ်များနေတယ်။

အဲတော့ တပည့်တော်က လူ့ဘောင်ပဲထွက်ချင်တယ်၊ မပျော်ဘူး၊ သက်န်းဝတ်ခါမျှ မတ္တနေလို့တော့ အလကားပဲ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဒါနဲ့ ရဟန်းတွေက ကြားတော့ ဘုရားသွားလျှောက် တယ် (တင်ပါဘုရား) အရှင်ဘုရား၊ အရှင်ဘုရားညီတော်ဖြင့် ဒီလို ဒီလိုဖြစ်နေပြီဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲတိဿခေါ် ချည်ကွာ ငါ့အမိန့်နဲ့ပဲခေါ် ချည်ဟေ့ဆိုပြီး အမိန့် ထုတ်လိုက်တော့ သွားခေါ်တယ်။

## ဘာဖြစ်သလဲတိဿ ပြောစမ်းပါဦး

မင်းဘာဖြစ်သလဲကွ တိဿ ပြောစမ်းပါဦး၊ တပည့်တော်ဘုရား ခန္ဓာကိုယ်ထဲ လေးလံတယ်ဘုရား၊ အရှေ့အနောက် တောင်မြောက်လည်း မကွဲဘူးဘုရား၊ ကျင့်နေတဲ့တရားကလည်း ဟုတ်မှ ဟုတ်ပါ့မလားလို့ သံသယရှိတယ်ဘုရား၊ တပည့်တော် သက်န်းသာ ဝတ်နေရတယ်၊ မဂ်ဖိုလ်ရထိုက်တာ မဟုတ်ဘူး၊ သူများဆွမ်း၊ သူများကွမ်းတွေစားပြီး သက်န်းဝတ်တာရှိတာပဲ။

## လူထွက်ချင်တယ်

တရားထူး တရားမြတ်၊ ဘာမှ ခရီးပေါက်တဲ့ပုဂ္ဂိုလ်မဟုတ်ဘူး၊ အားလည်းထုတ်တဲ့ပုဂ္ဂိုလ်မဟုတ်ဘူးလို့ တပည့်တော်စိတ်ထဲမှာ အောက်မေ့တယ်၊ ဒါကြောင့် လူထွက်ချင်တဲ့စိတ်သာပေါ်နေတယ်။

ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ချော့သင့်တယ်ပေါ့လေ၊ တိဿတဲ့ မင်းတစ်ခုမှတ်ထားစမ်းပါကွာတဲ့၊ မိမိခန္ဓာငါးပါးရှိတယ်တဲ့၊ အဲဒီခန္ဓာငါးပါးခင်နေတဲ့ ပုဂ္ဂိုလ်ဟာ ဖြင့်၊ ဒီခန္ဓာငါးပါးကြီးက သွေးတိုးသလိုလို အားလျော့သလိုလို ဖြစ်လာလို့ရှိရင်၊ တစ်ခါတည်း ဒီခန္ဓာငါးပါးပေါ် ပူပင်ဆွေးပြီးလာတာပဲ (တင်ပါ) ခင်နေလို့လာတာ။

## ခန္ဓာခင်လို့ဖြစ်တာ

ခင်နေလို့လာတာ၊ မခင်ရင် ကြောက်ခြင်း လန့်ခြင်း ဘာမှမလာဘူး၊ ခင်နေတဲ့ပုဂ္ဂိုလ်အတွက်လာတာပဲ (တင်ပါဘုရား)။

ခန္ဓာငါးပါးမကင်းသေးလို့ရှိရင်ကွာတဲ့၊ ခန္ဓာငါးပါးက လည်း နဂိုက ခင်ပြီးသကာလနေတဲ့ ပုဂ္ဂိုလ်ကျတော့၊ ခုလို အားအင်ဗလချည့်နဲ့တဲ့ ဝေဒနာမျိုးရယ်လို့ တစ်ခုရောက်လာပြီ ဆိုမှဖြင့် ပျင်းသလိုလို၊ ကြောက်သလိုလို၊ လန့်သလိုလို အဲဒါ ခန္ဓာမကင်းတာက နဂိုက ချစ်ခင်နေတာကလာတာကွ၊ တိဿ ပောနေတာကွ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒီတိဿ ဟောနေတာမဟုတ်ဘူး၊ ဟိုတိဿဟောနေ တာ ခန္ဓာခင်လို့ဖြစ်တာကွ (တင်ပါဘုရား)။

ဝေဒနာခင်နေလည်း ဒီအတိုင်းပဲကွတဲ့၊ ဝေဒနာကို ချစ် နေမယ်၊ ဝေဒနာကွန္ဓာကြီးကို နှစ်သက်နေမယ်၊ ဝေဒနာကွန္ဓာ ကြီးကို သာယာနေမယ်ဆို ဝေဒနာလေးက ဖောက်ပြန်လာ လို့ရှိရင်လည်း၊ ခုနင်က ခန္ဓာကိုယ်လေးသလိုလို၊ တရား အားထုတ်ရတာလည်း အင်း ရှင်းရှင်းလင်းလင်း မရှိသလိုလို၊ တစ်ခါတည်း အရှေ့အနောက် တောင်မြောက်ပဲ မေ့သလိုလို၊ ဘယ်သူနဲ့ စကားမပြောချင်သလိုလို ဒီဟာတွေ အကုန်လာတာ ပဲကွ။

တိဿ မင်းသတိထားကွလို့ ဘုရားက ပြောနေတာ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ ဒါသူ့ညီအစ်ကိုတော်တဲ့ တိဿပြောနေတာ သုဒ္ဓေါဒနမင်းကြီး ညီက မွေးတာ (တင်ပါဘုရား)။ အဲဒါ သံယုတ်ပါဠိတော်လို့ မှတ်ထားပါတဲ့ ထေရဝဂ်မှာ လာတယ်။

## မကောင်းတရားတွေရှိနေလို့

အဲတော့ကွာတဲ့ မင်းအခုဖြစ်တဲ့ အဓိပ္ပါယ်ဟာ မင်း ဒီဟာကြောင့်ဖြစ်နေတာ၊ ခန္ဓာငါးပါးကို မကောင်းသေးသော ဆန္ဒ၊ မကောင်းသောတရားတွေရှိနေတဲ့အတွက်၊ အခုခန္ဓာက အမျိုးမျိုးလေးသလိုလို၊ လံသလိုလို ဖြစ်လာတဲ့အခါကျတော့၊ မင်းသည်ကားလို့ဆိုရင်ဖြင့် တရားအားထုတ်လည်းမဖြစ်၊ အရှေ့အနောက် တောင်မြောက်လည်းမကွဲ ဒီလိုဖြစ်လာတာ၊ နဂိုက ခန္ဓာခင်နေလို့ ခန္ဓာကဖေါက်ပြန်လာလို့ဖြစ်တာကွ (တင်ပါဘုရား)၊ သဘောပါကြပလားကွ (ပါ ပါပြီဘုရား)။

နဂိုက ခန္ဓာခင်နေတယ်တဲ့၊ အခုခန္ဓာက ဖောက်ပြန်တော့ ဒါတွေလာတာပေါ့ကွတဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)၊ အမလေး ဒီဟာကြောက်စရာပါလားတဲ့ တိဿပြောတာပါကွ၊ မင်းမဟုတ်ပါဘူး၊ အဲဒီလိုဖြစ်လာတယ်ကွ။

အဲတော့ကွာတဲ့ ငါဥပမာ တစ်ခုပြောမယ်ဟေ့၊ တိသာ ဥပမာတစ်ခုပြောမယ်ကွတဲ့၊ လမ်းသိတဲ့ ပုဂ္ဂိုလ်တစ်ယောက်၊ လမ်းမသိတဲ့ ပုဂ္ဂိုလ် တစ်ယောက်၊ နှစ်ယောက်ရှိတယ်ကွာ။

## လမ်းသိတဲ့ပုဂ္ဂိုလ်၏လမ်းညွှန်ချက်

လမ်းသိတဲ့ပုဂ္ဂိုလ်တစ်ယောက်၊ မသိတဲ့ပုဂ္ဂိုလ် တစ်ယောက်၊ နှစ်ယောက်ရှိတယ်တဲ့၊ နှစ်ယောက်ရှိတော့ လမ်းမသိတဲ့ပုဂ္ဂိုလ်က မေးတယ်ကွတဲ့၊ ဒီလမ်း ဒီလမ်းသွားချင်ပါတယ်လို့ဆိုတော့၊ လမ်းသိတဲ့ပုဂ္ဂိုလ်က ဘယ်လိုပြောလိုက်သတုံးဆိုတော့၊ ငါ့လူ ဟောဒီကနေ ရှေ့သွား၊ ဟိုနားကျ လမ်းနှစ်ခွတွေ့လိမ့်မယ် (တင်ပါဘုရား)။

လမ်းနှစ်ခွတွေ့တဲ့အခါကျတော့ ဘယ်ဘက်ရှောင်ပြီးတော့ ယာဘက်လိုက်ဟေ့ (တင်ပါဘုရား)၊ အဲဒီလိုက်ပြီး ရှေ့တော်တော်လေးသွားမိတဲ့အခါကျတော့ တောအုပ်ကြီးတွေ့လိမ့်ဦးမယ်။

အဲဒီတောအုပ်ကြီးဖြတ်သွား၊ တောအုပ်ကြီးကျော်တဲ့အခါကျတော့ ညွန်အိုင်ကြီး၊ ရွံ့အိုင်ကြီးတစ်ခုတွေ့လိမ့်ဦးမယ်ကွ၊ အဲဒီညွန်အိုင်ကြီး ရှောင်ရှားပြီးသကာလ မင်းသွားလို့ရှိရင်ဖြင့် ရှေ့မှာ ကမ်းပါးပြတ်နဲ့၊ အင်း ... ကမ်းပါးပြတ်ကြီး တစ်ခုကျတဲ့အခါ ကြောက်စရာ ကောင်းလောက်အောင်

တွေ့လိမ့်မယ်ကွ၊ အဲဒါကျော်သွားတဲ့အခါမှာ မြေပြင်တွေ့မယ် ပေါ့။

မွေ့လျော်ဖွယ် မြေပြင်ကြီးတွေ့မယ်ကွ၊ အဲဒါမင်းမှတ်ထားစမ်းပါ ဘုရားက ဥပမာပြလိုက်တယ် (တင်ပါဘုရား)။

အဲတော့ကွာတဲ့ လမ်းသိတဲ့ပုဂ္ဂိုလ်နဲ့ လမ်းမသိတဲ့ ပုဂ္ဂိုလ်ဆိုတာ လမ်းမသိတာက တိဿကွ၊ ဘုရားက လမ်းသိတာက ငါကွ (တင်ပါဘုရား)။

## လမ်းနှစ်ခွဆိုတာ ဝိစိကိစ္ဆာ

အဲတော့မင်းသည် ဒီအတိုင်းသွားတဲ့အခါကျတော့ လမ်းနှစ်ခွတွေ့လိမ့်မယ်ဆိုတဲ့ဥစ္စာ ဝိစိကိစ္ဆာကိုဆိုတယ် (တင်ပါဘုရား) ဝိစိကိစ္ဆာကိုဆိုပါတယ်။

အဲဒီဝိစိကိစ္ဆာကို လာတိုင်း လာတိုင်း သူ့ကို လက်မခံဘဲနဲ့ ရုပ်နာမ်သာရှိတယ် ဖြစ်ပျက်သာရှိတယ်ဆိုပြီး သက္ကာလ၊ လက်ယာလမ်းလိုက် ဝိစိကိစ္ဆာနောက်ကို လိုက်မနေနဲ့ ဟုတ်မှ ဟုတ်ကဲ့လားဆိုပြီး ဟိုလိုက် ဒီလိုက် လိုက်မနေနဲ့ (တင်ပါဘုရား)။

တစ်ခါတည်း လက်ယာ လမ်းဖြစ်တဲ့ ဖြစ်ပျက်ရှုပြီး သက္ကာလ ဖြစ်ပျက်လမ်းကိုသာလိုက် (တင်ပါဘုရား)၊ ဟုတ်မှ ဟုတ်ကဲ့လားတွေဘာတွေ လုပ်မနေနဲ့။

လက်ယာလိုက်ကွ၊ လက်ဝဲက မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝဆိုတဲ့ မိစ္ဆာ မဂ္ဂင်ရှစ်ပါးလမ်းကွ မလိုက်နဲ့ (တင်ပါဘုရား)။

လက်ယာက သမ္မာဒိဋ္ဌိအစရှိတဲ့ မဂ္ဂင်ရှစ်ပါးလမ်းကွ၊ အဲဒီကို မင်းကြည့်လိုက်ပါ၊ မင်းဒီကနေသွားတဲ့အခါကျတော့ လမ်းနှစ်ခွကို မင်းလက်ယာလိုက်၊ သမ္မာဒိဋ္ဌိမဂ္ဂင်လမ်းလိုက် လိုက်ပါ။

ဆိုတော့ကို ဒီခန္ဓာနဲ့ မနေနဲ့တဲ့ သမာဓိမဂ္ဂင် လမ်းပေးလိုက် ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဟုတ်မှ ဟုတ်ကဲ့လား၊ ခန္ဓာက လေးလေးလံလံကြီးနဲ့၊ အင်း . . . အားအင်ဗလက ချည့်နဲ့ပါသနဲ့၊ အင်း . . . ။

လောကွတ်ရှောင်ပြီး လောဘသတ်ရင် ဒီလမ်းနှစ်ခွတွေ့ လိမ့်မယ်လို့ ငါလမ်းညွှန်ကောင်းကြီးပြောပြီ . . ကွ (မှန်ပါ) မင်းကလမ်းမသိလို့ဖြစ်နေတာပဲ၊ အဲတော့ လက်ယာလမ်းဖိလိုက်၊ (တင်ပါဘုရား)။

## ဖြစ်ပျက်လမ်းကိုဖိလိုက်ပါ

လက်ယာလမ်းဖိလိုက်ကွဆိုတော့ ဖြစ်ပျက်လမ်းကို ဖိလိုက်ပြောတာ (မှန်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊

အဲတော့ ဝိစိကိစ္ဆာကျော်သွားပြီကွတဲ့၊ ဝိစိကိစ္ဆာလမ်းနှစ်ခွကို ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဝိစိကိစ္ဆာကျော်သွားပြီတဲ့ (တင်ပါဘုရား)။

အဲဒီကျော်သွားတဲ့အခါကျတော့ ငါခုနင်ကပြောခဲ့ တယ် မဟုတ်လားကွတဲ့၊ ရှေ့နားကျတော့ တောအုပ်ကြီးတွေ့လိမ့်မယ်လို့ ငါပြောတယ် (တင်ပါ)။

## တောအုပ်ဆိုတာအဝိဇ္ဇာ

အဲဒီတောအုပ်ဆိုတာက အဝိဇ္ဇာကွ (တင်ပါဘုရား)၊ အဲဒီ အဝိဇ္ဇာတောအုပ်ကြီးကိုလည်း တစ်ခါတည်း သူကွယ်ဆီးနေတာကြီးကို မင်းအတင်းတိုးရမယ် (တင်ပါဘုရား)။

သူက သစ္စာတွေကို ဖုံးထားတယ်၊ မင်းကဖြစ်ပျက်ရှုပြီး သစ္စာသိအောင်လုပ်လိုက်၊ သဘောပါပလား (သဘောပါပြီဘုရား)၊ ဒီတောအုပ်ကြီးက (အဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာတဲ့၊ အဝိဇ္ဇာတောအုပ်ကြီးကိုလည်း မင်းက သစ္စာဖုံးထားတဲ့အတွက်၊ ဖြစ်ပျက်မမြင်လို့ရှိရင် သူတိုးထွက်ရမယ် (တင်ပါဘုရား)။

တိုးထွက်တဲ့အခါကျတော့မှ အင်း . . . ဒီတောကြီးလည်း ရှင်းသွားတဲ့အခါကျတော့ ဖြစ်ပျက် အနိစ္စအစစ်၊ ဒုက္ခအစစ်၊ အနတ္တအစစ် တကယ်တွေ့မယ်ကွ (တင်ပါဘုရား)။

## ရွှံ့အိုင်ကြီးက ငါးပါးအာရုံကာမဂုဏ်

ဒီကနေပြီး တောအုပ်ကြီးကျော်သွားပြန်ရင်လည်း မင်းဟာ အန္တရာယ် မကင်းသေးဘူးကွတဲ့၊ တောအုပ်ကြီးကျော်သွားတဲ့အခါကျတော့ ခုနင်က ပြောခဲ့တယ်တဲ့၊ ရွှံ့အိုင်ကြီးတစ်ခုတွေ့လိမ့်မယ် (တင်ပါဘုရား) ရွှံ့အိုင်ကြီးတစ်ခုတွေ့လိမ့်မယ် ဆိုတော့ ငါးပါးအာရုံ ကာမဂုဏ်တွေ တွေ့လိမ့်မယ် ပြောတာကွတဲ့ (တင်ပါ)။

ငါတော့ ဝိပဿနာတွေ တော်တော်ခရီးပေါက်ပြီကွာ၊ သားနဲ့သမီးနဲ့ နေတောင်ကိစ္စတော့မရှိပါဘူး၊ အပါယ်လေးပါးတော့ မကျပါဘူးဆိုတဲ့စိတ်က လာချင်လာလိမ့်မယ်ကွ၊ ပျော်ပျော်နေလိုက်ဦးမယ်ဆိုတဲ့ အဓိပ္ပါယ်ပါတယ်တဲ့ (ပါပါတယ်ဘုရား)၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အမလေး ကြောက်စရာကြီးပါလား။

အဲဒီကဲ့သို့ ရှေ့နားကျတော့ ညွန်အိုင်ကြီးတွေ့လိမ့်မယ်၊ အဲဒီညွန်အိုင်ကြီးဆိုတာ တခြားမဟုတ်ဘူးဟေ့ . . တဲ့၊ ရွှံ့ညွန်အိုင်ကြီးဆိုတာ ငါး လိပ် မကန်းတွေက အင်မတန်ပေါတယ် သွားပြီးမဆင်းနဲ့။

ဆင်းလို့ရှိရင်ဖြင့် ဒါသည်ကားလို့ဆိုလို့ရှိရင် ငါးတွေ၊ မကန်းတွေက ကိုက်သတ်ပြီးစားတတ်တယ်၊ အဲဒါ ငါးပါးအာရုံ ကာမဂုဏ်ဆိုပါတယ်ကွာ (တင်ပါဘုရား)။

## သာယာတာကနည်းနည်း

သာယာတာကနည်းနည်း၊ အပြစ်ရှိတာကများများ (တင်ပါဘုရား)၊ ဒီလိုမှတ်ပါကွာ တိဿတဲ့၊ သာယာတာကတော့ အစ်မက ခေါ်လိုက်တယ် . . . ကိုချစ်ဆွေ၊ အင်း သူက ကျန်းမာလို့ တော်သေးတယ်၊ သားလေးတစ်ယောက်က အဖေ ခေါ်လိုက်တယ်၊ အင်း သာယာတာက နည်းနည်းလေး အပူက သာ များနေတာပဲကွာ၊ (တင်ပါဘုရား)၊ ရိပ်မိပလားကွ (ရိပ်မိပါပြီဘုရား)။

## အပြစ်တွေ့ကများများ

သာယာတာက ဘယ့်နှဲ့လဲ (နည်းနည်းပါဘုရား)၊ အပြစ်တွေ့တာက (များများပါဘုရား) အပြစ်တွေ့တာက များများကွတဲ့၊ အဲဒီညွန်အိုင်ကြီးကိုလည်း ရုန်းကွ၊ တိဿ ဟောနေတာ အစ်မရဲ့ သဘောပါပလားကွ (သဘောပါပါပြီ ဘုရား) အဲဒီ့ညွန်အိုင်ကြီးကျော်ဖြစ်အောင်ကျော်ကွ။

ကျော်သွားတဲ့အခါကျတော့ ရှေ့မှာ၊ ကမ်းပါးပြတ်ကြီး တစ်ခုတွေ့လိမ့်မယ်တဲ့၊ ငါခုနင်က ဟောထားတယ်။

## ကမ်းပါးပြတ်ဆိုတာကာမနဲ့ဒေါသ

ကမ်းပါးပြတ်တွေ့တယ်ဆိုတာ တစ်ခြားမဟုတ်ဘူးတဲ့၊ ခင်ပြီးသည့်အခြားမဲ့၌ ဒီဟာကျော်တာတောင်မှ ကိုယ့်မပယ်နိုင်သေးတဲ့ဒေါသတွေက ရှိသေးတယ်ကွ။

ခုနင်က ကာမတောင်မှ မပယ်နိုင်သေးဘဲကိုကွ၊ ဝိစိကိစ္ဆာတို့ ဒိဋ္ဌိတို့သာ ပယ်ခဲ့တာကို၊ ကာမဆိုတာ အနာဂါမ်မှ ပယ်နိုင်တာကို အနာဂါမ်မှ ကာမနဲ့ ဒေါသပယ်နိုင်တာ။

အဲတော့ ရှေ့ကမ်းပါးပြတ်ကြီး၊ အဲဒီကမ်းပါးပြတ်ကြီးကို ကျော်ကွ။

ဩော် . . . သူတို့ကြီးမှာနဲ့ ကိုယ်ကရှာဖို့ရာနဲ့၊ သုံးကြဖြုန်းကြမှာနဲ့ ခက်ပါသေးရဲ့ အစရှိသည်နဲ့လာလို့ရှိရင်၊ ဒီဒေါသဖြစ်ပျက်ရှုပေးရမယ် (တင်ပါဘုရား) လာလိမ့်မယ်တဲ့ ဒီဥစ္စာ (လာမှာပါဘုရား) လာမှာပဲတဲ့။

## သူတို့ကြီးလာရင်

သူတို့ကြီးလာလည်း အဝတ်ဖိုးကလည်း မနည်းလှဘူး၊ အတန်းကြီးလာပြန်လို့ရှိရင် ကျောင်းကြေးက မနည်းလှဘူး၊ ဒီထဲက အပိုသုံးတွေကလည်း နည်းမှာမဟုတ်ဘူး၊ ကိုယ်က အိုတာနဲ့ သူတို့က အသုံးကြီးမှာနဲ့ မထမ်းနိုင်တာနဲ့ ဝန်နဲ့တော့ တွေ့တော့မှာပဲဆိုတာကိုလည်း ဒီလိုဖြစ်တတ်တယ်ကွတဲ့ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒီလိုဖြစ်တတ်တယ်ကွတဲ့၊ မထမ်းနိုင်တဲ့အချိန်ရောက် မှ ဝန်ကြီးကြီးနဲ့ သွားတွေ့တတ်တာကိုလည်း ဒေါမနဿ အမေ အဖေမှာ ဖြစ်တတ်တယ် (တင်ပါဘုရား)။

ပေးလည်းပေးချင်တယ်၊ ကျွေးလည်းကျွေးချင်တယ် သားသမီးများကို ဒို့ပေးစရာ ကျွေးစရာကလည်း အရင်လိုက ခိုင်ခိုင်မရှိဘူး၊ ကိုယ်က မလုပ်နိုင် မကိုင်နိုင်အချိန်ရောက်နေ တော့ ဒေါသဖြစ်တယ်ကွ၊ အဲဒီ ကမ်းပါးပြတ်လည်း တွေ့လိမ့် မယ် (တင်ပါဘုရား)၊ အဲဒါတွေ ကျော်ရလိမ့်ဦးမယ်ကွ (ရိပ်မိ ပါပြီ) အင်းဘယ်သူ့ဟောနေတာတုံးကွ၊ (တိဿဟောနေတာ ပါဘုရား)။

## ဖောက်ပြန်နေလို့ဟောနေရတာ

ဘုရားရဲ့ညီ၊ သုဒ္ဓေါဒနမင်းကြီး ညီကမွေးတဲ့တိဿကြီး ဖောက်ပြန်နေလို့ ဟောနေတာ (မှန်ပါဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ အဲဒီဒေါသတွေ လာလိမ့်ဦးမယ်ကွတဲ့ အဲဒီ ဒေါသတွေလည်း ကျော်ရလိမ့်မယ်ကွ။

## လောဘ၊ ဒေါသဖြစ်ပျက်ရှု

ကျော်ပြီးသကာလ မင်းသွားမှသာလျှင်၊ ဒေါသကျော် တယ်ဆိုတော့ ဒေါသဖြစ်ပျက်ရှုလိုက်၊ လောဘဖြစ်ပျက်ရှုလိုက်

တော့၊ ဒိဋ္ဌိသတ်ပြီးငြားသော်လည်း၊ တဏှာကျန်တာကိုကွ၊ ဒေါသကျန်တာကိုကွ (တင်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

## သောတာပန်မှာတဏှာကျန်သေးတယ်

သောတာပန်တည်ငြားသော်လည်း တဏှာနဲ့ ဒေါသက ကျန်နေသေးတယ်၊ အဲဒါကြောင့် ဒါတွေဘုရားက အင်းညွန်အိုင်ကြီးတွေ့လိမ့်ဦးမယ်ကွ၊ ကမ်းပါးဖြတ်ကြီးတွေ့လိမ့်ဦးမယ်ကွ၊ မဟောရပေဘူးလား (ဟောရပါတယ်ဘုရား)။

အဲဒါတွေလည်းကျော်သွားတဲ့အခါကျတော့မှ၊ မင်းအင်မတန် မွေ့လျော်ဖွယ်ကောင်းတဲ့ မြေပြင်ကြီးတွေ့လိမ့်မယ် (တင်ပါဘုရား)၊ ဒါ ငါလမ်းညွှန်တယ်၊ မင်းကတော့ မသိဘူးတဲ့၊ ငါက **သတ္တာဒေဝမနုဿာနံ** ဆိုတဲ့ ဂုဏ်ထူးရထားတော့ လမ်းညွှန်ကောင်း လမ်းပြကောင်းဆိုတာ ငါဘုရားဆိုတာကွတဲ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

## သမ္မာမဂ္ဂင်လမ်းလိုက်ပါ

ရှေ့သွား လမ်းနှစ်ခွ တွေ့လိမ့်မယ်ဆိုတာ ဝိစိကိစ္ဆာဆိုတာကွ၊ အဲဒီက ကျော်သွားပြန်တော့ လက်ယာလိုက်ဆိုတာ သမ္မာမဂ္ဂင်လမ်းလိုက်ဆိုတာကွ၊ လက်ဝဲရှောင်ဆိုတာ မိစ္ဆာမဂ္ဂင်

မလိုက်နဲ့ဆိုတာကွဆိုတော့ ဒိဋ္ဌိဝိစိကိစ္ဆာ ဒီမှာဖြုတ်ပစ်ခဲ့တယ် (တင်ပါဘုရား)။

## ဒိဋ္ဌိဖြုတ်တော့သောတာပန်တည်တယ်

ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တော့ သောတာပန်တည်ပါတယ်ကွာတဲ့၊ တည်ပင်တည်ငြားသော်လည်း ညွှန်အိုင်ကြီးကျတော့ ရုန်းနိုင်ခဲ့တယ်၊ ငါးပါးအာရုံကာမဂုဏ်ကျတော့လေ မရုန်းနိုင်ဘူးတဲ့၊ ဒီမှာ တစ်ခါတည်း၊ အဲဒီ မရုန်းနိုင်လို့ရှိရင် ဒီညွှန်အိုင်ကြီးဆိုတာကလည်း ငါးလိပ် မကန်းတွေက တစ်ခါတည်း ကျတဲ့ ပုဂ္ဂိုလ် အကုန်စားတာကွ (မှန်ပါဘုရား)။

အဲဒါကြောင့် ငါဘုရားဟောပါတယ်တဲ့၊ သာယာတာက နည်းနည်းဒုက္ခပွားတာက ကြီးကျယ်တယ်. . . (တင်ပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သာယာတာတော့. . . (နည်းနည်းပါဘုရား)၊ ဒုက္ခကြီးကျယ်တာက (များများပါဘုရား)၊ သာယာတာတွေက နည်းပါတယ်၊ ဒုက္ခကတော့ အလွန်ကြီးကျယ်တယ်ကွာတဲ့၊ အဲဒါကြောင့် ဒါကို လည်းကျော်ပါ၊ ဒါကိုလည်းကျော်ပါတဲ့ . . . ။

ကျော်သွားတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့၊ ခုနင်က အိုခြင်းဆိုးနဲ့တွေ့တဲ့အခါ သားသမီးက ဖြုန်းတာနဲ့ဆိုတာ ကြုံလိမ့်ဦးမယ်ကွ၊ ဒေါသဖြစ်စရာပါဦးမယ်ပြောတာ (တင်ပါဘုရား)။

## ဒီချောက်ကိုကျော်ရဦးမှာ

အမေ အဖေက အိုခြင်းဆိုးဖြစ်ကုန်ကြပြီ၊ အခါက လည်းမဟုတ်၊ ကိုယ်ကလည်း အသက်ကကြီးလို့ အိုခြင်းဆိုးက လည်းဖြစ်ကာ နံချာတုန်းအချိန်မှာ၊ သားသမီးတွေက လူလား မြောက်ပြီးသကာလ၊ အသုံးအစွဲကလည်း ကြီးလာလို့ရှိရင် ပေးချင်တဲ့ စေတနာကလည်း မစွန့်နိုင်သေး၊ အဲဒီလူ ဒေါမနဿ ဖြစ်နိုင်သေးတယ်ကွ၊ ဒီကောင်ဂျိကျနိုင်သေးတယ်၊ ဒီချောက်ကို ကျော်ရဦးမှာကွ (မှန်လှပါဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## မင်းလူမထွက်နဲ့၊ အလုပ်စဉ်အတိုင်းလုပ်

ဒါလာလိမ့်မယ်ကွ၊ အဲဒါကျော်နိုင်မှ မွေ့လျော်ဖွယ် ကောင်းတဲ့မြေပြင်ရောက်မယ်၊ တိဿ မင်းလူမထွက်နဲ့၊ လူ မထွက်နဲ့ ဒီအတိုင်းမင်းကျော်ပြီး ဒီအလုပ်စဉ်အတိုင်းလုပ်သွား ကြရမယ် (တင်ပါဘုရား) သဘောပါပလား . . . (ပါပါပြီ ဘုရား)။

ကိုင်း - ဒီနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု. . . ။